ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (12-9-2004) (၄၃၅၄)

တပေါ စ
တော် မင်္ဂလ မုတ္တမံ။

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရန်ကုန်မိုး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီး Madame Khunying Suppanapa Attanand နှင့် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ထိုသို့ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✪

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ဧည့်သည်တော် ထိုင်းဘုရင့် တပ်မတော်စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

P65 1 04/12/9, 12:34 AM

ကြေးမုံ The Mirror
၁၂–၉–၂၀၀၄
(တနင်္ဂနွေနေ့)

သီးနှံမျိုးကောင်းမျိုးသန့်များ သုတေသနပြုထုတ်လုပ် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ ဖော်ထုတ်ဖြန့်ဖြူး

မြန်မာနိုင်ငံသည် ရေမြေသဘာဝသယံဇာတပေါများကြွယ်ဝပြီး ရာသီဥတုညီညွတ်မျှတသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းနိုင်သော အခြေအနေကောင်းများ ပြည့်စုံလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးနှင့် လူနေမှုဘဝအဆင့်အတန်းသည် ပိုမိုပြည့်စုံ ဖူလုံမြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ပင်ကိုအားဖြင့် ရေခံ၊ မြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသများတွင် သီးနှံစိုက်ဧကတိုးချဲ့ရန် ... စိုက်စွမ်းအား တိုးမြှင့်ပေးနိုင်မည့် အစီအမံများ၊ ခေတ်မီစိုက်ပျိုးရေး အတတ်ပညာများကို အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပျဉ်းမနားမြို့နယ် ရေဆင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ထူထောင်ပေးထားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၂၈ရက်နေ့က မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ခရီးစဉ်အတွင်း ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပျဉ်းမနားမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုက ပံ့ပိုးပေးရမှာဖြစ်သကဲ့သို့ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနကလည်း တောင်သူလယ်သမားပြည်သူများအတွက် သီးနှံမျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ဒေသအလိုက်ဖြစ်ထွန်းနိုင်မည့် သီးနှံစိုက်ပျိုးမှုစနစ်များကို တစ်ပြည်လုံး အတိုင်းအတာဖြင့် စမ်းသပ်ရှာဖွေဖော်ထုတ်ဖြန့်ဖြူးပေးရမှာဖြစ်ကြောင်း** မှာကြားသွားသည်။

စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ယခင်ကာလများက သီးနှံအမျိုးမျိုးအတွက် သုတေသနလုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် သီးခြားစီဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။ ယခုအခါ ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာနတွင် ခေတ်မီသုတေသနလုပ်ငန်းများကို စုစုစည်းစည်းဖြင့် တိုးမြှင့်လုပ်ကိုင်နိုင်လျက်ရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် ရေတော်မိုးတော် အခြေအနေအတွက် ဆောင်ရွက်သည့်လုပ်ငန်းများ၊ ရေမြေ အခြေအနေမပေးသည့် ဒေသများအတွက် ဆောင်ရွက်သည့်နည်းလမ်းများ၊ ရေမြေဒေသမရွေး အသုံးပြုနိုင်သည့် နည်းပညာသုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ထို့အပြင် အပင်ဇီဝနည်းပညာသုတေသန၊ မျိုးရိုးဗီဇစုဆောင်းခြင်း၊ အကဲဖြတ်မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးချခြင်း၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့်စက်မှုကုန်ကြမ်းသီးနှံမျိုးစုံ မွေးမြူထုတ်လုပ်ခြင်း၊ သီးနှံစပ်မျိုးသုတေသနလုပ်ငန်းများ၊ မျိုးစေ့ဘဏ်လုပ်ငန်းနှင့် နည်းပညာပြန့်ပွားရေး သုတေသန စမ်းသပ်ကွက်များ ဖော်ထုတ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူလယ်သမားများအနေဖြင့်လည်း လက်တွေ့စိုက်ပျိုးထုတ်လုပ်ရာတွင် တစ်ဧက သီးနှံအထွက်တိုးရေး၊ သီးနှံအရည်အသွေးအပြည့်အဝရရှိနိုင်ရေးတို့အတွက် သမားရိုးကျ စိုက်ပျိုးနည်းစနစ်များဖြင့် ရောင့်ရဲတင်းတိမ်မနေဘဲ ခေတ်မီတိုးတက်ဖြစ်ထွန်းလျက်ရှိသည့် စိုက်ပျိုးရေးနည်းပညာ၊ သီးနှံအထွက်တိုး မျိုးကောင်းမျိုးသန့်များကို အသုံးပြု စိုက်ပျိုးထုတ်လုပ်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေး အခြေခံဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက သီးနှံမျိုးကောင်းမျိုးသန့်များ သုတေသနပြုထုတ်လုပ်ခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ် များ ရှာဖွေဖော်ထုတ်ဖြန့်ဖြူးပေးခြင်းတို့နှင့်အတူ တောင်သူလယ်သမားများအနေဖြင့် တစ်နှစ်ပတ်လုံး သီးထပ်သီးညှပ် အပြည့်အဝစိုက်ပျိုးနိုင်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အိန္ဒိယနိုင်ငံ Care Foundation အဖွဲ့မှ ဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးတို့အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Care Foundation အဖွဲ့မှဥက္ကဋ္ဌ Dr. P Krishnan Raju နှင့် ညွှန်ကြားရေးမှူး Professor Dr. Arun Tiwari တို့အား ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးကဏ္ဍနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Care Foundation အဖွဲ့မှ ဥက္ကဋ္ဌ Dr. P Krishnan Raju နှင့် ညွှန်ကြားရေးမှူး Professor Dr. Arun Tiwari တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

မကွေးတက္ကသိုလ်တွင် အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၁

၁၉၆၄–၁၉၇၆ မကွေးကောလိပ် ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မကွေးတက္ကသိုလ်တွင် ကျင်းပမည်ဖြစ်ရာ အကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ပူဇော်ပွဲသို့ လိုက်ပါမည့် ကျောင်းသား၊ ကျောင်းသူများသည် အောက်တိုဘာ ၁ရက်(သောကြာနေ့) ညနေ ၆နာရီတွင် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံရှေ့စုရပ်သို့အရောက်လာရမည်ဖြစ်ပြီး အလှူငွေနှင့် ခရီးစရိတ်များကို ဦးခင်မောင်ညွန့် ၀၁–၆၆၃၈၁၀၊ ဦးတင်မောင်သန်း ၀၉–၅၀၀–၃၈၉၉၊ ဦးတင်ထွန်း ၀၉–၅၀၁–၈၅၃၃၊ ဦးသိန်းတန် ၀၁–၂၄၄၁၀၅၊ ဒေါ်ကြည်ကြည်တင် ၀၉၉၉–၂၅၃၄၄၊ ဒေါ်ခင်မာမာ ၀၁–၅၃၅၆၂၂၊ ဒေါ်မိမိခိုင် ၀၁–၆၄၀၈၆၈တို့ထံ ဆက်သွယ်ပေးသွင်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Care Foundation အဖွဲ့မှ ဥက္ကဋ္ဌ Dr. P Krishnan Raju အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။
(သတင်းစဉ်)

✧ **နိုင်ငံတော်ဝန်ကြီးချုပ်မှ**
တည်ဆောက်ရန်နှင့် မူလလေဆိပ် အဆောက်အအုံ မွမ်းမံပြင်ဆင်မည့်လုပ်ငန်း၊ လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင့်က အကောက်ခွန်ဦးစီးဌာန ရန်ကုန်လေဆိပ် ကုန်လှောင်ရုံ အဆောက်အအုံသစ်အပါအဝင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး လေဆိပ်အဆောက်အအုံသစ်၏ ဘိုးပိုင်လုပ်ငန်း၊ အခင်းများ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ လေယာဉ်ရပ်နားရန် နေရာတိုးချဲ့တည်ဆောက်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဂုဏ်ပြုခန်းမ ဆောင်၊ လေဆိပ်စားသောက်ခန်းမ၊ မူလလေဆိပ်အဆောက်အအုံ၌ ပြုပြင်မွမ်းမံမည့် အခြေအနေများကိုလှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အကောက်ခွန်ဦးစီးဌာန ရန်ကုန်လေဆိပ် ကုန်လှောင်ရုံသစ်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပါရမီခုံးကျော်တံတား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပါရမီခုံးကျော်တံတားကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး ပါရမီ ခုံးကျော်တံတားမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ပါရမီခုံးကျော်တံတားမှာ ကမ္ဘာအေးစေတီလမ်းနှင့် ဝေဇယန္တာလမ်းကြား၊ ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံ ကားလမ်းကူးနေရာ၌တည်ရှိပြီး အလျား ၁၁၇၅ပေနှင့် အကျယ် ၄၈ပေရှိ လေးလမ်းသွားတံတားအဖြစ် တည်ဆောက်နေခြင်း ဖြစ်သည်။ တံတား၏တစ်ဖက်တစ်ချက်၌ လေးပေအကျယ် လူသွားလမ်းပါရှိမည်ဖြစ်သည်။ တံတားအမြင့်မှာ ၁၄ပေ ရှိမည်ဖြစ်ပြီး တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးနေပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းခွင်တွင် လေဆိပ်အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်နေသည့် ပါရမီခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ခရမ်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" အကြိုလှုပ်ရှားမှုအဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် (၇)ရပ်ကွက်ရှိ ခရမ်းဘိုးဘွားရိပ်သာ၌ ကျင်းပရာ ရှေးဦးစွာ ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်း၊ ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငွေပဒေသာပင်နှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီက ငွေကျပ်တစ်သိန်း၊ သုံးဆယ်မြို့နေ ဦးသိန်းရွှေ–ဒေါ်လှအေးမိသားစုက ငွေကျပ် တစ်သိန်း၊ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊ ဦးမြင့်ရွှေ–ဒေါ်စန်းစန်းဝင်း မိသားစုက ငွေကျပ် သုံးသောင်း၊ ဦးသက်လွင် (မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ)–ဒေါ်နီနီလေး မိသားစု၊ ဦးဘွန်အစ်–ဒေါ်ရှုခင် မိသားစု၊ ဦးတင်ငွေ–ဒေါ်ခင်မြဝင်း မိသားစုတို့က ငွေကျပ် တစ်သောင်းစီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အဖွဲ့က ငွေကျပ်ငါးထောင်တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြပြီး ခရမ်းဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အကြို ခရမ်းဘိုးဘွားရိပ်သာအတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အလှူငွေများ ပေးအပ်လှူဒါန်းရာ ခရမ်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး လက်ခံယူစဉ်။
(လူမှုဝန်ထမ်း)

မလေးရှားတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာအဖွဲ့ ရွှေ၊ ငွေ၊ ကြေးဆွတ်ခူးရရှိ

ရန်ကုန် စက်တင်ဘာ ၁၁

(၈၁)ကြိမ်မြောက် မလေးရှားတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲကို ကွာလာလမ်ပူမြို့တွင် စက်တင်ဘာ ၉ရက်က စတင်ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် တစ်ခုစီ ဆွတ်ခူးရရှိသည်။

အမျိုးသား လုံတံပစ်ပြိုင်ပွဲတွင် မြန်မာမှ ကျော်စွာမိုးက ရွှေတံဆိပ်ရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဇော်မင်းထွေးက မီတာ ၁၀၀၀၀ပြိုင်ပွဲ၌ ငွေတံဆိပ်နှင့် မီတာ ၅၀၀၀ပြိုင်ပွဲ၌ ကြေးတံဆိပ်ရရှိသည်။

အမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲတွင် နေနေဝင်းက စတုတ္ထရရှိခဲ့သော်လည်း မြန်မာပြည်စံချိန် ၂ ဒသမ ၉၆ မီတာကို ၃ ဒသမ ၁၀ မီတာဖြင့် စံချိန်သစ်တင်နိုင်ကြောင်းသိရသည်။(ကြေးမုံ)

(၈၁)ကြိမ်မြောက် မလေးရှား တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား လုံတံပစ် ပွဲစဉ်၌ ရွှေတံဆိပ် ဆွတ်ခူးသွားသည့် ကျော်စွာမိုး။ (ကြေးမုံ)

ရွေးကောက်ပွဲနီးချိန်တွင် လူထုကို အီရတ်မှအာရုံလွှဲရန် ဘလဲကြိုးစား ပြည်သူကို လိမ်လည်လှည့်ဖြားခဲ့ဟု စွပ်စွဲခံရ

လန်ဒန် စက်တင်ဘာ ၁၀

ဗြိတိန်အစိုးရက အီရတ်စစ်ပွဲ ဆင်နွှဲရသည့်ကိစ္စနှင့်ပတ်သက်၍ လေ့လာစိစစ်ပြီး အစီရင်ခံစာတင်ပြခဲ့သော လော့ဒ်ဘတ်တလာ၏ အစီရင်ခံချက်သည် ဝန်ကြီးချုပ် တိုနီဘလဲအပေါ် အပြစ်မရောက်အောင် အကာအကွယ်ပေးခဲ့သော အစီရင်ခံစာသာဖြစ်သည်ဟု ဝေဖန်ခံရသည်။

အားထုတ်

တစ်ချိန်တည်းမှာပင် ဘလဲသည် စာနယ်ဇင်းသတင်းလောကနှင့် လူထုကို အီရတ်စစ်ပွဲဆီမှ အာရုံပြောင်းသွားပြီး ပြည်တွင်းရေးကိစ္စများဆီသို့ ဂရုပြုလာစေရန် ကြိုးစားအားထုတ်နေသည်ဟုဆိုသည်။

စွပ်စွဲခံရ

ဝန်ကြီးချုပ် ဘလဲအစိုးရသည် အီရတ်စစ်ပွဲကို ဗြိတိန်က ပါဝင်ဆင်နွှဲနိုင်စေရန် ပါလီမန်နှင့်လူထုကို လှည့်ဖြားခဲ့သည်ဟု အစွပ်စွဲခံခဲ့ရသည်။ ထိုစွပ်စွဲချက်များမှ ကင်းလွတ်သက်သာစေရန် ဘတ်တလာ၏ အစီရင်ခံစာက ရေးသားဖော်ပြခဲ့သည်။ ဘတ်တလာသည် ပြည်သူ့ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည်။

၎င်း၏ အစီရင်ခံစာတွင် အီရတ်စစ်ပွဲနှင့် သက်ဆိုင်သော အဆုံးအဖြတ်အမှားအယွင်းသည် တစ်ဦးတစ်ယောက်တည်းကြောင့် ဖြစ်ပေါ်ရသော အမှားအယွင်းမဟုတ်။ အများက အစုလိုက်ပြုလုပ်မိသော အမှားအယွင်းမျိုးသာဖြစ်သည်ဟု ရေးသားထားသည်။

ရည်ညွှန်း

၂၀၀၂ ခုနှစ်အချိန်က ပြုစုခဲ့သော အီရတ်၏ ဖျက်အားပြင်း လက်နက်များနှင့် သက်ဆိုင်သော အမှုတွဲပါ အချက်အလက်များကို ရည်ညွှန်း၍ ဘတ်တလာက အထက်ပါအတိုင်း ဖော်ပြခဲ့ခြင်းဖြစ်၏။

ပြောကြား

ထိုအစီရင်ခံစာတွင် ကျွန်ုပ်သည် အမှားအယွင်းအတွက် မည်သူ့ကိုမျှ အပြစ်မတင်သင့်ဟု ရေးသားခဲ့ခြင်း မဟုတ်။ မည်သည့်ပုဂ္ဂိုလ်ကိုမျှ အပြစ်မဆိုသင့်ဟု ရေးသားခဲ့ခြင်းသာဖြစ်ကြောင်း ဘတ်တလာက ပါလီမန်တွင် ပြောကြားခဲ့သည်။

သိမ်းပိုက်

အီရတ်တွင် ဖျက်အားပြင်း လက်နက်များရှိသည်ဟု အဓိက အကြောင်းပြကာ အမေရိကန်နှင့် ဗြိတိန်တို့သည် အီရတ်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ သို့သော် စွပ်စွဲထားသည့်အတိုင်း လက်နက်များ ရှာ၍ မတွေ့ခဲ့ကြပေ။

ထိုးဆင်းသွား

ထိုအချက်ကြောင့် လက်ရှိဝန်ကြီးချုပ်ဘလဲအပေါ်တွင် ဗြိတိန်ပြည်သူအများ၏ ယုံကြည်ကိုးစားမှုနှင့် ရေပန်းစားမှု နှစ်ရပ်ပေါင်းသည် သိသာစွာ တရဟော ထိုးဆင်းသွားခဲ့သည်။

လုပ်ဆောင်

ထိုအခြေအနေကြောင့် ဝန်ကြီးချုပ်ဘလဲသည် ရွေးကောက်ပွဲ နီးကပ်လာချိန်၌ စာနယ်ဇင်းနှင့်သတင်းလောကအနေဖြင့် အီရတ်ကိစ္စကို အလေးမပေးတော့ဘဲ ပြည်တွင်းရေးရာကိစ္စများဖြစ်သည့် ပညာရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ သယ်ယူပို့ဆောင် ခရီးသွားလာရေးကိစ္စ စသည်များတွင်သာ အာရုံပြုလာစေရန် အကြိမ်ကြိမ် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။

ဒုက္ခပေး

သို့ရာတွင် ဘလဲ၏အခြေအနေမှာ ဗြိတိန်လူထုအမြင်တွင် လူကြိုက်များလာမှု မရှိသေးဘဲဖြစ်နေပြီး အီရတ်ပြဿနာမှာလည်း နံကြားအတွင်း စူးဝင်နေသည့် ဆူးသဖွယ် ဒုက္ခပေးလျက်ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာသတင်းများ

ဖော်လူဂျာအနီးရှိ အမေရိကန်စစ်စခန်းကို ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်

ဖော်လူဂျာ စက်တင်ဘာ ၁၀

အီရတ် ခုခံဆန့်ကျင်ရေးသမားများသည် ဖော်လူဂျာမြို့အနီးရှိ အမေရိကန်တပ်စခန်းကို တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် အမေရိကန်ဂျက်လေယာဉ်များနှင့် ရဟတ်ယာဉ်များသည် ထိုမြို့ကို ညလုံးပေါက် လေကြောင်းမှတိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုကြောင့် ခုခံရေးသမား ၁၀၀ မျှ သေဆုံးသွားကြောင်း၊ အမေရိကန်တို့ကဆိုသော်လည်း ဆေးဘက်ဆိုင်ရာမှ သိရသောသတင်းများအရ အီရတ် ခြောက်ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရကြောင်း သိရသည်။

အယ်အန်ဘာပြည်နယ်မှ ဒုတိယ အုပ်ချုပ်ရေးမှူးမှာ ၎င်း၏နေအိမ်တွင် ပြန်ပေးသမားများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်း၏သားမှာလည်း ရင်ဘတ်ကို သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်ဟု ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ယခုသီတင်းပတ်တွင် အီရတ်၌ သေဆုံးရသော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၀၀ ကျော်သွားပြီဖြစ်၏။ အီရတ်၏ လုံခြုံရေးအခြေအနေမှာ ကောင်းလာခြင်းမရှိဘဲ ဆိုး၍သာလာနေသည်။ ထိုအတောအတွင်း ဘာလက်မြို့ လမ်းမပေါ်၌ ထောင်ထားသော ဗုံးကွဲသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး ထပ်မံသေဆုံးသွားသည်။ ထိုမြို့သည် ဘဂ္ဂဒက်၏မြောက်ဘက်ရှိ ဆာဒါစီးတီးခရိုင်အတွင်း တည်ရှိသည်။ ယခုသေဆုံးမှုပါနှင့်ဆိုလျှင် အီရတ်စစ်မြေ၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၁၀၀၅ ဦး ရှိသွားပြီဖြစ်သည်။

ဂျင်းဒိုမိနီကေးဘူနယ်သည် ကယ်ဆယ်ရေးဆိုင်ရာ စေတနာအဖွဲ့၏ ညှိနှိုင်းရေးမှူးဖြစ်သည်။ အီရတ်သို့ ရောက်ရှိနေသော ကယ်ဆယ်ရေး လုပ်သား အီတလီအမျိုးသမီးနှစ်ဦးကို အဖမ်းခံရမှုဖြစ်ပွားပြီး နောက်ပိုင်းတွင် အီရတ်ရောက် စေတနာကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြသော နိုင်ငံခြားသား ဝန်ထမ်းများသည် အီရတ်မှ ထွက်ခွာရန် ပြင်ဆင်နေကြပြီဖြစ်ကြောင်း ဘူနယ်က ပြောကြားသည်။ အီရတ်တွင် စေတနာ ကယ်ဆယ်ရေး အဖွဲ့အစည်းပေါင်း ၅၀ တို့မှာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

ယခင်က အီရတ်တွင် နိုင်ငံခြားသား ၁၀၀ ခန့် အဖမ်းခံခဲ့ရပြီးဖြစ်သည်။ ယခုတစ်ကြိမ် စက်တင်ဘာ ၇ ရက်၌ အဖမ်းခံရသည့် အဖြစ်အပျက်မှာ ယခင်ကနှင့်မတူဘဲ ကွဲပြားသည်။ နေ့ခင်းကြောင်တောင်တွင် ကယ်ဆယ်ရေး လုပ်သား ဆိမိုနာပါရီနှင့် ဆိမိုနာတိုရက်တာတို့ကို ဘဂ္ဂဒက်အနီးရှိ ၎င်းတို့၏ ရုံးခန်းအတွင်း ဝင်ရောက်ကာ ဖမ်းဆီးသွားခြင်းဖြစ်သည်။ တစ်ဖွဲ့တည်းမှ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူ အီရတ် အမျိုးသမီးနှင့် အခြားအီတလီ ကယ်ဆယ်ရေး အဖွဲ့မှ အမျိုးသားတစ်ဦးတို့မှာလည်း အဖမ်းခံခဲ့ရသည်ဟု ဆိုသည်။

အထက်ပါ အခြေအနေများကြောင့် အီရတ်ရောက် အစိုးရမဟုတ်သော ကယ်ဆယ်ရေး အဖွဲ့အစည်းများသည် အီရတ်မှပြန်လည် ထွက်ခွာကြရန် ပြင်ဆင်နေကြပြီဖြစ်၏။

အချို့သော ကျွမ်းကျင်သူများမှာ ယခုကတည်းက ထွက်သွားနှင့်ကြပြီဖြစ်သည်ဟု ဘူနယ်က ပြောကြားသည်။ ကယ်ဆယ်ရေး လုပ်သားများကိုသာမက အီရတ်ရောက် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်နေကြသော ကန်ထရိုက်တာများကိုလည်း ပြန်ပေးသမားများက ခြိမ်းခြောက်လျက်ရှိသည်။

အင်တာနက်။

အီရတ်ငြိမ်းချမ်းရေး အချိန်ကြာပြီးခက်ခဲနိုင်ဟု ကိုဖီအာနန်ပြောကြား

မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၀

အီရတ်နိုင်ငံ ငြိမ်းချမ်းရေးရရှိရေးသည် အချိန်ကြာညောင်းပြီး ခက်ခဲကြမ်းတမ်းမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အီရတ်အရေးတွင် လုပ်စရာအများအပြားရှိနေသေးကြောင်း၊ အချိန်အလွန်ကြာညောင်းမည့် လုပ်ငန်းစဉ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံ တည်ငြိမ်ရေးသည် မိမိတို့အားလုံး၏ အကျိုးစီးပွားဖြစ်ရာ အီရတ်နိုင်ငံ မည်သို့မည်ပုံ တည်ငြိမ်မှုရရှိမည်ကို မိမိတို့စောင့်ကြည့်နေရုံဖြင့် မဖြစ်နိုင်ကြောင်း၊ အီရတ်နိုင်ငံ တည်ငြိမ်မှုရရှိစေရန် တစ်စုံတစ်ရာ လုပ်ရလိမ့်မည်ဖြစ်ကြောင်း မက္ကဆီကိုစီးတီး၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အာနန်ကပြောကြားသည်။ အီရတ်မှ နိုင်ငံစုံတပ်ဖွဲ့တွင် ကုလသမဂ္ဂပါဝင်လှုပ်ရှားရေး၏ အဆုံးစွန်သော ရည်မှန်းချက်သည် အီရတ်ပြည်သူများ ၎င်းတို့၏ နိုင်ငံနှင့် စီးပွားရေးအရင်းအမြစ်များကို ထိန်းချုပ်နိုင်ရေးအတွက် အကူအညီပေးရန်ပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် လုံခြုံရေးကင်းလှည့်နေသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို စက်တင်ဘာ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ထိုင်းတပ်ဖွဲ့များ ဌာနေသို့ပြန်လည်ထွက်ခွာ

ဗန်ကောက် စက်တင်ဘာ ၉

အီရတ်နိုင်ငံရှိ ထိုင်းတပ်ဖွဲ့ဝင်များ၏ ပထမဆုံးအသုတ်သည် ကူဝိတ်ရှိ ၎င်းတို့၏အခြေစိုက်စခန်းမှ ပြန်လည်ထွက်ခွာလာကြကာ ဗန်ကောက်သို့ နှစ်နာရီအတွင်း ရောက်ရှိမည်ဟု မျှော်လင့်ရကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ပါလွန်ဂူဂျီလာဟန်က ပြောကြားသည်။

ထိုင်းတပ်ဖွဲ့ဝင် ၁၃၀ ပါဝင်သည့် ပထမဆုံးအသုတ်သည် ဗန်ကောက်သို့ ထွက်ခွာရန် ဒေသစံတော်ချိန် နံနက် ၂ နာရီတွင် ကူဝိတ်နိုင်ငံမှ ထွက်ခွာရန် အမေရိကန်ကြည်းတပ် လေယာဉ်ပေါ်သို့ တက်ခဲ့ကြကြောင်း ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များအား ပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့တွင် ခြောက်လကြာဖြန့်ချထားခဲ့သည့် ထိုင်းတပ်ဖွဲ့ဝင်များအား ကြိုဆိုရန် ဗန်ကောက်လေတပ်တွင် အခမ်းအနားကျင်းပမည် ဖြစ်သည်။

ထိုင်းတပ်ဖွဲ့ဝင်များ၏ ဆွေမျိုးသားချင်းများ၊ ကာကွယ်ရေးဝန်ကြီး ချက်တာသာနာဂျန်နှင့် အောက်တိုဘာလတွင် ထိုင်းကြည်းတပ် အကြီးအကဲဖြစ်လာမည့် ပရာဆစ်ဝမ်ဆာဝန်တို့က ထိုင်းတပ်ဖွဲ့ဝင်များအား လေဆိပ်တွင် ကြိုဆိုမည်ဖြစ်သည်။

ကျန်ရှိသည့် ထိုင်းတပ်ဖွဲ့ဝင်များသည် နောက်ရက်များတွင် ဌာနေသို့ ပြန်လည် ရောက်ရှိလာမည်ဖြစ်သည်။

ထိုင်းတပ်ဖွဲ့ဝင်စုစုပေါင်း ၄၄၇ ဦးတို့သည် ဩဂုတ်လနှောင်းပိုင်းတွင် အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းကာ ထိုင်းနိုင်ငံသို့ အမေရိကန်ကြည်းတပ်လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရန် ကူဝိတ်ရှိ ဗစ်တိုးရီးယားစခန်း၌ စောင့်ဆိုင်းနေခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘောဒီးယားတွင် ပညာရေးမြှင့်တင်ရန် ဝန်ကြီးချုပ်ဟွန်ဆန် သဝဏ်လွှာပို့

ဖနွမ်းပင် စက်တင်ဘာ ၁၀

ကမ္ဘောဒီးယားနိုင်ငံ၏ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရာတွင် ပညာရေးအဆင့်အတန်း မြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က စက်တင်ဘာလ ၈ရက်တွင် နိုင်ငံတစ်ဝန်းသို့ ပန်ကြားလိုက်သည်။

တိုက်တွန်း

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အစည်းအဝေးသို့ ဝန်ကြီးချုပ် ဟွန်ဆန်ပေးပို့သော သဝဏ်လွှာတွင် ယင်းကဲ့သို့ ဖော်ပြထားသည်။ ထိုသဝဏ်လွှာတွင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပညာရေး၏အရေးပါမှုကို နားလည်သဘောပေါက်ပြီး မြှင့်တင်လုပ်ဆောင်သွားကြပါရန် ဝန်ကြီးချုပ်က ဆိုင်ရာအာဏာပိုင်များနှင့် နိုင်ငံ တစ်ဝန်းလုံးကို တိုက်တွန်းထားသည်။

တက်ရောက်

စာတတ်မြောက်ရေးနေ့ အစည်းအဝေးသို့ ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ ကိုယ်စားလှယ်အပါအဝင် လူထုပရိသတ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယားတွင် စာမတတ်သူပပျောက်ရေးလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးကြောင်း၊ ပုဂ္ဂလိကစက်ရုံများနှင့် လုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းများ တိုးတက်မှုကိုရှေးရှုပြီး လုပ်ငန်းခွင်အတွင်း စာတတ်မြောက်ရေး သင်တန်းများဖွင့်လှစ်ရန်နှင့် အသက်မွေးဝမ်းကျောင်းမှု သင်တန်းများပါ ဖွင့်လှစ်သွားရန် ဝန်ကြီးချုပ်က သဝဏ်လွှာတွင် တိုက်တွန်းထားသည်။

အကူအညီပေးမည်

ထို့အပြင် ကမ္ဘောဒီးယားကို ဒေသတွင်း အခြားနိုင်ငံများနှင့် အမီလိုက်နိုင်စေရန် နိုင်ငံတကာမှ ပစ္စည်း၊ ငွေကြေးနှင့် နည်းပညာများကိုလည်း ဆက်လက်အကူအညီပေးသွားရန်ကိုပါ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ကွင်းဆင်းလေ့လာချက်

ကမ္ဘောဒီးယားနိုင်ငံသည် မသင်မနေရ ပညာရေးစနစ်ကို လက်ခံကျင့်သုံးခဲ့သည်။ သို့ရာတွင် ကျောင်းနေအရွယ် ကလေးငယ် ကျောင်းအပ်နှုန်းသည် ၉၀ ရာခိုင်နှုန်းအထိသာရှိသေးပြီး ထိုဦးရေအနက် သုံးပုံတစ်ပုံမျှသာ အလယ်တန်းအဆင့် ပညာရေးကို ပြီးဆုံးအောင် တက်နိုင်ကြသည်ကို ကွင်းဆင်းလေ့လာမှုများအရ သိရသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး တရုတ်ပြည်၌ အုပ်ချုပ်ရေးယန္တရားသစ်ဖွဲ့စည်း

ပေကျင်း စက်တင်ဘာ ၉

အာရှဒေသပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် တရုတ်နိုင်ငံသည် ယမန်နေ့က အစိုးရယန္တရားအသစ်တစ်ရပ်ကို တိုးချဲ့ဖွဲ့စည်းလိုက်သည်။

ထိုယန္တရားအသစ်တွင် ဝန်ကြီးဌာနပေါင်း ၂၂ ခုတို့ ပါဝင်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစသည့် ဝန်ကြီးဌာနများသည် အဖွဲ့ဝင်များအဖြစ် ပါဝင်သည်။

တရုတ်နှင့် အာရှဒေသ ပူးပေါင်းဆောင်ရွက်မှုသည် ၁၉၉၀ပြည့်လွန်နှစ်များကာလမှစ၍ အကြီးအကျယ် တိုးတက်လာသည်။ မကြာမီနှစ်များအတွင်း အာရှနိုင်ငံများနှင့် တရုတ်တို့သည် စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် နီးနီးကပ်ကပ် အမြင်ချင်းဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ရှိလာသည်ကို တွေ့မြင်ကြရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည် ရှန်ဟိုင်းမြို့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး ပြပွဲတွင် နောက်ဆုံးပေါ် ကွန်ပျူတာများကို ဧည့်ပရိသတ်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြော်ငြာအေဂျင်စီများ အစည်းအဝေး ပေကျင်းတွင် ဖွင့်လှစ်

ပေကျင်း စက်တင်ဘာ ၁၀

သုံးရက်ကြာ ကျင်းပမည့် နိုင်ငံတကာ ကြော်ငြာအေဂျင်စီများ၏ (၃၉) ကြိမ်မြောက် အစည်းအဝေးကို တရုတ်ပြည် မြို့တော်ပေကျင်းတွင် ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်လိုက်သည်။

ဖော်ပြ

တရုတ်ပြည်သည် စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် တိုးတက်အောင်မြင်မှုများရရှိကာ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာကြောင်း၊ စီးပွားရေး တိုးတက်မှုနှင့်အညီ ကြော်ငြာလုပ်ငန်းဈေးကွက် ကြီးမားကျယ်ပြန့်လာကြောင်း အဆိုပါ အစည်းအဝေးသို့ တရုတ်ဒုတိယဝန်ကြီးချုပ် ဝူယီထံမှ ပေးပို့သောသဝဏ်လွှာတွင် ဖော်ပြထားသည်။

မြင့်တက်

တရုတ်ပြည်၏ ကြော်ငြာလုပ်ငန်းသည် တစ်နှစ်လျှင် ပျမ်းမျှ ၄၀ ရာခိုင်နှုန်း မြင့်တက်နေကြောင်း၊ ကြော်ငြာလုပ်ငန်းဈေးကွက်၏ ဝင်ငွေသည် ၂၀၀၃ ခုနှစ်တွင် ယွမ်ဘီလျံ ၁၀၀ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၅ ဘီလျံခန့်)ရရှိကြောင်း အဆိုပါ သဝဏ်လွှာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရှေ့မြောက်အာရှဒေသဆိုင်ရာညီလာခံတရုတ်၌ကျင်းပ

ဟာဘင် စက်တင်ဘာ ၉

ပဉ္စမအကြိမ်မြောက် အရှေ့မြောက်အာရှဒေသဆိုင်ရာ အစိုးရများညီလာခံကို တရုတ်ပြည်မြောက်ပိုင်းဒေသ ဟီလုံကျန်ပြည်နယ်မြို့တော်ဟာဘင်တွင် အင်္ဂါနေ့က ဖွင့်လှစ်လိုက်သည်။

ယင်းညီလာခံသို့ တောင်ကိုရီးယား၊ ဂျပန်၊ မွန်ဂိုလီးယား၊ တရုတ်နှင့် ရုရှားနိုင်ငံရှိ ဒေသန္တရအစိုးရ ၂၇ခုမှ တာဝန်ရှိပုဂ္ဂိုလ် ၁၁၂ဦး တက်ရောက်ကြသည်။ ၎င်းတို့သည် အရှေ့မြောက်အာရှနိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်ရေးအဓိကပြဿနာများနှင့် ဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

အိမ်နီးချင်းကောင်းပီသ

တရုတ်ပြည်နှင့် အခြားအရှေ့မြောက်အာရှနိုင်ငံများ အိမ်နီးချင်းကောင်းပီသသည့် ဆက်ဆံမှုတိုးမြှင့်ရေးသည် ကြီးမားသည့်အရေးပါမှုတစ်ရပ်ဖြစ်ကြောင်း တရုတ်ပြည်က စွဲကိုင်ထားကြောင်း တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး လီဟွီကပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

တရုတ်ပြည်က ရုရှားနိုင်ငံနှင့် မဟာဗျူဟာဆိုင်ရာ မိတ်ဖက်နိုင်ငံအဖြစ်ခိုင်မာစေရန် ဆောင်ရွက်ခဲ့ပြီး တောင်ကိုရီးယား၊ မွန်ဂိုလီးယားတို့နှင့် အပြန်အလှန် ယုံကြည်လေးစားသည့် ဆက်ဆံမှုနှင့် အိမ်နီးချင်းကောင်းပီသသည့် ဘက်စုံမိတ်ဖက်နိုင်ငံဖြစ်စေရန် ထူထောင်ကာ ဂျပန်နိုင်ငံနှင့် ငြိမ်းချမ်းရေး ဖွံ့ဖြိုးမှုရရှိစေရန် ချစ်ကြည်သည့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်မည်ဖြစ်ကြောင်း လီကပြောကြားသည်။

တရုတ်အစိုးရက အရှေ့မြောက် အာရှနိုင်ငံအားလုံးအတွင်း အပြန်အလှန် ဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိုထောက်ခံမည်ဖြစ်ပြီး ဒေသဆိုင်ရာဖွံ့ဖြိုးမှုနှင့် ချမ်းသာကြွယ်ဝမှုတိုးမြှင့် စေရေးအတွက် အစွမ်းကုန်ကြိုးပမ်းမည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သိပ္ပံသုတေသနဂြိုဟ်တုများ တရုတ်လွှတ်တင်

ထိုင်ယွမ် စက်တင်ဘာ ၁၀

တရုတ်ပြည်သည် နိုင်ငံမြောက်ပိုင်း အာကာသဗဟိုဌာနမှနေ၍ လောင်းမတ်ချ် ၄–ဘီ အမျိုးအစား ဒုံးပျံယာဉ်ဖြင့် သိပ္ပံသုတေသနဂြိုဟ်တုနှစ်လုံးကို ကြာသပတေးနေ့ အစောပိုင်းက လွှတ်တင်လိုက်သည်။

တရုတ်ပြည်မြောက်ပိုင်း ရှန်စီပြည်နယ်ရှိ ထိုင်ယွမ်ဂြိုဟ်တု လွှတ်တင်ရေး ဗဟိုဌာနမှနေ၍ ပေကျင်းစံတော်ချိန် နံနက် ၇း၁၄ နာရီတွင် ဂြိုဟ်တုနှစ်လုံး တင်ဆောင်ထားသည့် လောင်းမတ်ချ်–၄ဘီ ဒုံးပျံယာဉ်ကို လွှတ်တင်လိုက်သည်။

အဆိုပါ ဂြိုဟ်တုနှစ်လုံးအနက် အက်စ်ဂျေ–၆ အေ အမျိုးအစား သိပ္ပံစမ်းသပ်ရေးဂြိုဟ်တုသည် ဒုံးပျံယာဉ် ပျံသန်းပြီးနောက် ၁၁ မိနစ်အကြာတွင် ဒုံးပျံယာဉ်မှ ခွဲထွက်သွားပြီး အက်စ်ဂျေ–၆ ဘီ အမျိုးအစားသိပ္ပံစမ်းသပ်ရေး ဂြိုဟ်တုသည် ပထမဂြိုဟ်တု ခွဲထွက်ပြီးနောက် တစ်မိနစ်အကြာတွင် ဒုံးပျံယာဉ်မှ ခွဲထွက်သွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စွမ်းအင်အရင်းအမြစ်များကို ဖွံ့ဖြိုးပြီးနိုင်ငံများ ခေါင်းပုံမဖြတ်သင့် သင့်တင့်သည့် အမြတ်အစွန်းကိုသာရယူရန် အိန္ဒိယစွမ်းအင်ဝန်ကြီး တိုက်တွန်း

ဆစ်ဒနီ စက်တင်ဘာ ၈

ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လျှပ်စစ်နှင့်စွမ်းအင် အရင်းအမြစ်များကို ခေါင်းပုံဖြတ် အမြတ်မထုတ်ဘဲ တာဝန်မှုဝေယူရင်းဖြင့် ၎င်းတို့ရင်းနှီးသမျှအပေါ်မှ သင့်တင့်လျောက်ပတ်သည့် အမြတ်အစွန်းကိုသာ ရယူသင့်ကြောင်း အိန္ဒိယ လျှပ်စစ်စွမ်းအင်ဝန်ကြီးဆာယိဒ်က အင်္ဂါနေ့တွင် တိုက်တွန်းပြောကြားသည်။

အသုံးပြု

ယနေ့ အချိန်အခါတွင် စွမ်းအင် ၆၀ ရာခိုင်နှုန်းကျော်ကို ကမ္ဘာ့ပြည်သူလူထု ၂၀ ရာခိုင်နှုန်းက အသုံးပြုနေကြရာ စွမ်းအင်အသုံးပြုမှုတစ်ရပ်လုံး၏ ၆၀ ရာခိုင်နှုန်း အသုံးပြုသည့်လူသန်း ၁၀၀၀ ထက် အနည်းငယ်မြင့်မားကြောင်း၊ တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံ များရှိ ပြည်သူ သန်း၄ါးထောင်က စွမ်းအင် ၄၀ ရာနှုန်းကိုသာ အသုံးပြုနေကြကြောင်း ဆာယိဒ်က ဆစ်ဒနီမြို့တွင် ကျင်းပနေ သည့် ကမ္ဘာ့စွမ်းအင် ကွန်ဂရက်တွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ယုံကြည်အားထား

လျှပ်စစ် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ချမ်းသာသည့်နိုင်ငံများအနေဖြင့် ဆင်းရဲသည့်နိုင်ငံများနှင့် မရှိအတူ ရှိအတူ ခွဲဝေမျှတသည့် စိတ်ဓာတ် ရှိသင့်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ကျေးလက်ပြည်သူ ၅၇ ရာခိုင်နှုန်းတွင် လျှပ်စစ်မီးမရှိသေးကြောင်း၊ သို့ပါ၍ လျှပ်စစ် စွမ်းအားကို ယုံကြည်အားထားနိုင်မှုနှင့် သာတူညီမျှ စိတ်ဓာတ်ရှိသူများသည် ယင်းကဏ္ဍနှင့်ပတ်သက်၍ အလေးထားစရာ ပြဿနာ ဖြစ်နေကြောင်း ဆာယိဒ်က ဆက်လက်ပြောကြားသည်။

စွမ်းအင်ရရှိရေးကို ကမ္ဘာတစ်ဝန်း၏ လိုအပ်ချက်အဖြစ် အလေးထားပါက ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ယင်းပြဿနာအား အရေးတယူစဉ်းစားသင့်ကြောင်း ဆာယိဒ်က ပြောကြားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုး ဆဲနိုင်ငံများအား သန့်စင်သည့် စွမ်းအင်ရရှိရေးအတွက် နည်းပညာများ အကူအညီပေးရန် လိုအပ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

မြန်မာအစိုးရကို အထီးကျန်စေခြင်းသည် နည်းမှန်လမ်းမှန်မဟုတ်ပါ

(၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့ထုတ် International Herald Tribune **သတင်းစာပါ** David I. Steinberg **၏** Isolating the regime in Myanmar is not the answer **ဆောင်းပါးမှ ကောက်နုတ်၍ မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်။)**

အမေရိကန်အထက်လွှတ်တော်အမတ် မစ်ချ်မက်ကောနဲနှင့် ဘိုနိုတို့၏ ဇန်နဝါရီ ၁၉ ရက်နေ့က ဖော်ပြခဲ့သော ထင်မြင်ချက်ဆောင်းပါးမှာ အဓိက အချက်တွင် တလွဲတချော်ဖြစ်နေပေသည်။ အကျယ်ချုပ်ခံနေရသော ဒေါ်စုကြည်ကို မြန်မာအစိုးရကလွှတ်ပေးသည်ကို ကမ္ဘာ့ပြည်သူအများစုတို့က မြင်တွေ့လိုပေလိမ့်မည်။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးလုပ်ငန်းစဉ်နှင့် အချို့သော ဒီမိုကရေစီအသွင်ပြောင်းရေးတွင် ပါဝင်ပတ်သက်နေသူ အကျဉ်းသားများ လွှတ်မြောက်ရေးကို အလိုရှိကြပါလိမ့်မည်။

သို့သော်လည်း ဆွေးနွေးရမည့် အဓိကအကြောင်းခြင်းရာမှာ ဖော်ပြပါ အချက်များမဟုတ်ဘဲ အဓိကရည်မှန်းချက် အောင်မြင်ရေးအတွက် အကောင်းဆုံးသောနည်းလမ်းကို ရှာဖွေရေးပင်ဖြစ်သည်။ ခြွင်းချက်မရှိ အရှုံးပေး၍ နေရာမှ ဖယ်ရှားပေးရန် တပ်မတော်အစိုးရကို အမေရိကန်ကတောင်းဆိုပြီး ယင်းနောက်မှ မိမိတို့နှင့် ဆွေးနွေးမည်ဟုဆိုထားသည်။ ဤသည်မှာ စစ်ပွဲကာလအတွင်း၌ပင်လျှင် ကျင့်သုံးရန်ခက်ခဲသော မေးခွန်းထုတ်ရမည့် နည်းလမ်းတစ်ခုဖြစ်နေပေသည်။ ယင်းကို နိုင်ငံရေးနှင့် သံတမန်ရေး မဟာဗျူဟာတစ်ရပ်အဖြစ် သုံးစွဲမည်ဆိုလျှင် ယင်းမှာ ပျက်စီးကိန်းကြုံရမည့်ကိစ္စသာဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း ရပ်ဆိုင်းသွားသည်ကို မက်ကောနဲနှင့် ဘိုနိုတို့က မြင်တွေ့လိုသည့်ဆန္ဒရှိနေကြသည်။ အမေရိကန်က နိုင်ငံတကာရှိ မြန်မာတို့၏ ရပိုင်ခွင့်များထုတ်ယူခွင့်ကို ထိန်းချုပ်မှုပြုလိုက်ခြင်းက အချို့ကို အားရကျေနပ်ဖွယ် ဖြစ်ကောင်းဖြစ်စေနိုင်သော်လည်း ယင်းမှာ နိုင်ငံခြားရေး မူဝါဒတစ်ရပ်ကို အခြေခံထားလောက်သည့် ယုတ္တိတန်သော အကြောင်းတစ်ရပ်မဟုတ်ပေ။

မက်ကောနဲနှင့်ဘိုနိုတို့ တင်ပြအကြံပြုသည့် ချဉ်းကပ်မှုတွင် အဓိက အားနည်းချက် သုံးခုရှိနေသည်။ **ပထမအားနည်းချက်မှာ** မြန်မာအစိုးရအား တိုက်ရိုက်ထိပ်တိုက်ရင်ဆိုင်မှုနှင့် သိက္ခာချမှုတို့ကြောင့် အခြားမည်သည့်နိုင်ငံ၌မဆို ရင်ဆိုင်ခဲ့ရစမြဲဖြစ်သည့် အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သော တုံ့ပြန်မှုကိုသာ မလွဲမသွေ ဦးတည်စေနိုင်သည်ဆိုသော အချက်ဖြစ်သည်။ ထိုသို့သော ဖိအားပေးတိုက်ခိုက်မှုများနှင့် ကြုံတွေ့ရသည့် နိုင်ငံများကဲ့သို့ပင် မြန်မာ့တပ်မတော်အစိုးရသည် အမေရိကန်ကို မလွဲမသွေ ရင်ဆိုင်ရဲပေတော့မည်။ ယင်းသို့ဖြင့် အပေးအယူညှိနှိုင်းမှုသည် လွယ်မလာဘဲ ပိုမို၍ပင် ခက်ခဲသွားစေမည်ဖြစ်သည်။

ဒုတိယအားနည်းချက်မှာ ပိတ်ပင်မှုများက အစိုးရကို ထိခိုက်ကောင်း ထိခိုက်ပေလိမ့်မည်။ သို့သော် ပိတ်ပင်မှုကြောင့် အစိုးရလုပ်ငန်းလည်ပတ်မှု ပျက်စီးသွားမည်တော့မဟုတ်ပေ။ မြန်မာနိုင်ငံသည် အခြေခံအားဖြင့် လျှောက်လှမ်းရမည့် ကိုယ်ပိုင်လမ်းတစ်လျှောက်တွင် တရွေ့ရွေ့ခက်ခက်ခဲခဲ လျှောက်လှမ်းနိုင်စွမ်းရှိသည့် အကြိုစက်မှုနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာတို့၏ မည်သည့်အိမ်နီးချင်း၊ မည်သည့် အရှေ့တောင်အာရှနိုင်ငံကမျှ မြန်မာနိုင်ငံအား ပိတ်ပင်ခြင်းကို လက်မခံကြပေ။ ပိတ်ပင်မှုများနှင့် ခရီးသွားလုပ်ငန်း တုံ့ဆိုင်းနေစေမှုများက အဆုံးစွန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းတို့နှင့် ဆက်နွှယ်နေသည့်အလုပ်များအပေါ် မှီခိုအားထားနေရသည့် ထောင်ပေါင်းများစွာသော မြန်မာပြည်သူ၊ ပြည်သားများကိုသာ ထိခိုက်နစ်နာစေမည်ဖြစ်သည်။

> **မက်ကောနဲနှင့် ဘိုနိုတို့၏ ဆောင်းပါးတွင် အကြံပြု တင်ပြထားသကဲ့သို့သာ ပုဂ္ဂိုလ်ရေး အပေါ် အခြေခံပြီး အလျှော့မပေးစတမ်း ခိုင်မာသော ထောက်ခံအားပေးမှုကိုသာ ကျင့်သုံးနေပါက အမေရိကန်အနေဖြင့် ကိုယ့်ရှုးကိုယ်ပတ်သည့် ဖြစ်ရပ်များနှင့်သာ ပိုမိုကြုံတွေ့ရနိုင်ပြီး အမေရိကန်၏ ရည်မှန်းချက် ပန်းတိုင်ကိုလည်း မျက်ခြည်ပြတ်သွားနိုင်မည်ဖြစ်သည်။ အတိတ်ကလည်း အမေရိကန်သည် အီရန်နိုင်ငံမှ ရှားဘုရင်နှင့် အခြားသူများအပေါ် ထိုသို့လုပ်မိမှားခဲ့ခြင်း သာဓကများ အထင်အရှားရှိနေခဲ့သည်။**

ကျူးဘားနိုင်ငံအား အမေရိကန်တို့၏ ပိတ်ပင်မှု မည်သို့ဖြစ်ပျက်ခဲ့သည်ကို စဉ်းစားခြင်းဖြင့် သိနိုင်ပါသည်။

တတိယအားနည်းချက်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ရာထူးဌာန အပေါ်ကို အာရုံစိုက်ကာ အမေရိကန်က မူဝါဒများချမှတ်နေခြင်းဖြစ်သည်။ ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၊ ဒေါ်စုကြည် စသဖြင့် ဤသို့သော လူပုဂ္ဂိုလ်များအပေါ် အခြေစိုက်ကာ မူဝါဒချမှတ်နေခြင်းသည် အမေရိကန်၏ မဟာအမှားကြီးပင် ဖြစ်သည်။

မက်ကောနဲနှင့် ဘိုနိုတို့၏ ဆောင်းပါးတွင် အကြံပြုတင်ပြထားသကဲ့သို့သာ ပုဂ္ဂိုလ်ရေးအပေါ်အခြေခံပြီး အလျှော့မပေးစတမ်း ခိုင်မာသော ထောက်ခံအားပေးမှုကိုသာ ကျင့်သုံးနေပါက အမေရိကန်အနေဖြင့် ကိုယ့်ရှုးကိုယ်ပတ်သည့် ဖြစ်ရပ်များနှင့်သာ ပိုမိုကြုံတွေ့ရနိုင်ပြီး အမေရိကန်၏ ရည်မှန်းချက်ပန်းတိုင်ကိုလည်း မျက်ခြည်ပြတ်သွားနိုင်မည်ဖြစ်သည်။ အတိတ်ကလည်း အမေရိကန်သည် အီရန်နိုင်ငံမှ ရှားဘုရင်နှင့် အခြားသူများအပေါ် ထိုသို့လုပ်မိမှားခဲ့ခြင်းသာဓကများ အထင်အရှားရှိနေခဲ့သည်။

သမ္မတဘုရှ်အစိုးရ၏ ထိပ်တန်းဦးစားပေးလုပ်ငန်းတွင် မြန်မာနိုင်ငံအရေးကိုထည့်သွင်းရန် မစ်ချ်ကောနဲနှင့် ဘိုနိုတို့က တိုက်တွန်းထားသည်။ တကယ်တမ်းတွင်မူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ မူဝါဒသည် အာရှနိုင်ငံအားလုံးအနက်တွင် နောက်ဆုံးဦးစားပေး လုပ်ငန်းတစ်ခုသာ ဖြစ်နေပါသည်။

အမေရိကန် အမျိုးသားရေး အကျိုးစီးပွားအမြင်မှာ ဘောင်ကျဉ်းလွန်းနေသည်။ အမေရိကန်သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးကဲ့သို့သော အခြားကိစ္စရပ်များတွင် ပါဝင်ပတ်သက်လွန်းနေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကိစ္စတွင် အမေရိကန်သည် တစ်လမ်းသွား နိုင်ငံရေးဝါဒကိုသာထားရှိကျင့်သုံးနေသည်။ ဖြစ်သင့်သည်မှာ ယင်းကိစ္စကို အမေရိကန်မူဝါဒတစ်ရပ်ရပ်၏ အစိတ်အပိုင်းတစ်ခုအဖြစ်သာထားရှိသင့်ပြီး အခြားသော အမေရိကန် အကျိုးစီးပွား အများအပြားနှင့်ပါ ခြိုင်နှိုင်း၍ ဆက်စပ်ကျင့်သုံးသွားသင့်သည်။

မြန်မာနိုင်ငံဆိုင်ရာ မူဝါဒနှင့်စပ်လျဉ်း၍ အမေရိကန်တွင် ကျယ်ပြန့်သော၊ မှန်ကန်သော၊ နားအသွင်းမခံရသော ထောက်လှမ်းရေး တင်ပြချက် အစစ်အမှန်များ လိုအပ်နေသည်။ ယခုအထိတော့ ကွဲလွဲချက်ဟူသည်ကား ဘာရယ်ဟု မည်မည်ရရ မသိရ။ အနှစ်သာရကိုလည်း လိုအပ်သလောက် ရှာမရဘဲ ဖြစ်နေပေသည်။ ။

ပုလဲရွှေပြည်သမ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ပုလဲရွှေပြည် အထွေထွေစီးပွားရေး သမဝါယမအသင်းစု၏ ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမ ဦးစီးဌာန ခန်းမ၌ ဩဂုတ် ၂၆ ရက်က ကျင်းပသည်။

ထို့နောက် သမဝါယမအသင်းများ လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆု၊ စီမံခန့်ခွဲရေးစွမ်းရည်ဆု၊ စီးပွားရေး စွမ်းရည်အထူးချွန်ဆု၊ စည်းရုံးရေး စွမ်းရည်ဆုတို့ကို အသီးသီး ချီးမြှင့်ပေးအပ်သည်။ **(ပြန်/ဆက်)**

ဩဂုတ် ၄ ရက်က ငပုတောမြို့ ကမ်းနားလမ်း မြို့ဝင် ဆိုင်းဘုတ် ဝန်းကျင် သာယာလှပရေးဆောင်ရွက်မှုကို ငပုတောမြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးအောင်ဌေး၊ အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးသူရလွင်နှင့် ဝန်ထမ်းများဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တရားတော်များ ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၁

စက်တင်ဘာ ၁၃ ရက် ည ၇ နာရီတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဓမ္မာရုံကြီး၌ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့-အဖွဲ့ဝင် ပဲခူးတိုင်း တောင်ငူမြို့ ဓမ္မာစရိယ တက္ကသိုလ် ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တခန္တီသဃ (အဂ္ဂမဟာပဏ္ဍိတ)က တရားတော်များကို ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက် (၁၇) နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ဆွတ်ခူးရရှိခဲ့သော ပထမတံခွန်စိုက်ဆုဖလားအား သုံးခွမြို့နယ်ဥက္ကဋ္ဌသို့ ပေးအပ်ပွဲကို စက်တင်ဘာ ၄ ရက်က မြို့နယ်အားကစားခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးထံ တံခွန်စိုက်ဆုဖလားကို မြို့နယ်အားကစားမှူး၊ အသင်းခေါင်းဆောင်နှင့် အသင်းအုပ်ချုပ်သူတို့ ပေးအပ်စဉ်။ (က-ပ)

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဟောပြော

ရန်ကုန် စက်တင်ဘာ ၁၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ညွှန်ကြားချက်အရ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဟောပြောပွဲကို မြိတ်မြို့ မြိတ်တောင်နယ်မြေ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဩဂုတ် ၂၈ ရက် ညနေ ၃ နာရီက ပြုလုပ်သည်။

တက်ရောက်

အခမ်းအနားသို့ မြိတ်တောင်နယ်မြေ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေနှင့် အဖွဲ့ဝင်များ၊ မြိတ်မြို့နယ် မော်တော်ယာဉ် ထိန်းသိမ်းရေးအဖွဲ့ ရဲဒုအရာခံ ခင်မောင်နှင့် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ဆိုက်ကားအငှားယာဉ်မောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြိတ်တောင်နယ်မြေ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေက အမှာစကားပြောပြီး မော်တော်ယာဉ် ထိန်းသိမ်းရေး ရဲဒုအရာခံခင်မောင်က မော်တော်ယာဉ်စည်းကမ်းနှင့် ယာဉ်မောင်းသူ၏ လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတ တရားတော် "သမ္မာဒိဋ္ဌိ ငါးမျိုး"**
၉:၁၀	၁၀။ အပိုတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** ဓာတက သင်ခန်းစာ အရှေ့တိုင်းပညာ(ဒုတိယနှစ်)
၄:၃၀	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၁။ မြန်မာ့ရှုခင်း
၆:၄၀	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း-၂၅)**
၈:၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၈ ။ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၁၉။ **English Premier League ဘောလုံးပွဲ Tottenham Vs Norwich City**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိုတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

ရှမ်းပြည်နယ်ရောက် ညွှေ့သည်

ငွေးအောင် (ခရီးသွား)

ယနေ့နံနက်စောစောရှာသည့် မိုးက ပြင်းသည်။ လေလည်းထန်သည်၊ ရေလည်းပါသည်၊ကောင်းကင်တွင် မိုးသားများလည်း အုံ့ဆိုင်းလျက်ရှိ၏။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းခန်းမအတွင်း၌ ကျွန်တော်တို့အဖွဲ့ ထိုင်စောင့်နေသည်။ လေယာဉ်က နံနက် ၆ နာရီ ၁၅မိနစ်တွင် ဟဲဟိုးသို့ထွက်မည်။ သို့ရာတွင် ရာသီဥတုအခြေအနေကြောင့် သတ်မှတ်ချိန်ထိ လူမခေါ်သေး၊ နံနက်၆နာရီခွဲတွင် ဟဲဟိုးခရီးသည်များကိုခေါ်ပြီး ကားပေါ်တင်သည်။ လေယာဉ်ပေါ်တွင် နေရာယူပြီးသည့်အခါ ပထမဆုံး သတိပြုမိသည်မှာ ကျွန်တော့်နံဘေးရှိ ပြတင်းမှန်သားပြင်ပေါ်သို့ မိုးရေစက်များ ပက်ဖျန်းဆဲပင်ရှိသည်။

လေယာဉ်သည် မြင်ကွင်းရှင်းသဖြင့် မိုးဖွဲထဲတွင် ကောင်းကင်ယံသို့ ဝံပျံတက်ခဲ့လေသည်။ တိမ်တိုက်များကြားတွင် လေယာဉ်သည် တုန်ခါလှုပ်ရှားသွားသော်လည်း အထက်ပိုင်းသို့ ရောက်လာလေ တည်ငြိမ်မှုရလာလေဖြစ်သည်။ သတ်မှတ်သည့် အမြင့်ပေသို့ရောက်သည့်အခါ လေယာဉ်ကိုယ်ထည်လည်း ရေပြင်ညီ အနေအထားသို့ ရောက်သွားသည်။ သတိပေးခလုတ် မီးလည်းငြိမ်းသွားသည်။ နံနက်ခင်း၏ အလင်းရောင်တို့ကိုလည်း ကြည်လင်စွာ မြင်တွေ့ရသည်။

လေယာဉ်သည် ဟဲဟိုးတိုက်ရိုက်ခရီးစဉ် မဟုတ်သဖြင့် ပုဂံ၊ ညောင်ဦးလေဆိပ်သို့ ဦးစွာဆင်းသက်၏။ ပုဂံလွင်ပြင်သည် စိမ်းစိုလျက်ရှိသည်။ နိုင်ငံတကာမှ ခရီးသည်များသည် အချိန်အားရလျှင် ပုဂံသို့ မိုးရာသီတွင် လာရောက် လည်ပတ်ကြည့်သင့်၏။ ဤအခါသမယတွင် သစ်ပင်ပန်းမန်အားလုံးသည် လန်းဆန်းစိမ်းစိုနေကြသည်။ ပူအိုက်စဉ်က ဖုန်ထူသောလမ်းများသည် ယခုအခါ သိပ်သိပ်သည်းသည်းဖြင့် သွားလို့လာလို့ အဆင်ပြေ၏။ ရာသီဥတုမှာလည်း နေလို့ထိုင်လို့ကောင်းသည်။

လေယာဉ်သည် ပုဂံညောင်ဦးလေဆိပ်မှ တက်လာပြီး ၂၅မိနစ်ခန့်လောက်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဆင်းသည်။ တံတားဦးရှိ လယ်ယာမြေများသည် မြေဆီမြေသားရောင်မထဘဲ အသီးအနှံပင်များဖြင့် မြစိမ်းရောင်လွှင်ပြင် ဖြစ်နေသည်။ မန္တလေးတွင် ခေတ္တနားပြီး ပြန်တက်လာရာ နာရီဝက်ပင်မပြည့်သေး ဟဲဟိုးလေဆိပ်သို့ ဆင်းသက်ခဲ့သည်။ ဟဲဟိုးတွင် မိုးတိမ်ကင်းစင်လျက်ရှိ၏။

ကျွန်တော်တို့အဖွဲ့သည် မော်တော်ယာဉ်ဖြင့် ဟဲဟိုးမှ ထွက်လာခဲ့သည်။ ညောင်ရွှေလေဆိပ်တွင် ခဏနားပြီး အင်းလေးဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းတို့နှင့် ဒေသအကြောင်း၊ လုပ်ငန်းအကြောင်း စကားပြောဖြစ်ကြသည်။ ထို့နောက် စက်လှေများဖြင့် အင်းတဲသို့ ထွက်ခဲ့ကြသည်။

ပထမတွင်နန်းသဲကျေးရွာရှိ ကျောက်စိမ်းနဂါးကုမ္ပဏီလီမိတက်မှ လုပ်ကိုင်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာခွင့်ရသည်။ စီမံကိန်းမြေနေရာ စုစုပေါင်းမှာ ဧက ၉၀၀ခန့် ကျယ်ဝန်းသည်။ စိုက်ပျိုးရေးလုပ်ငန်းအပြင် အပန်းဖြေဟိုတယ်လည်း ပါဝင်သည်။ သစ်ခွခြံကိုရောက်တော့ အံ့သြမိသည်။ စိုက်ထားသည့် သစ်ခွပန်းများက အမျိုးလည်းစုံသည်။ အရောင်အသွေးလည်း ကောင်းသည်။ အရေအတွက်လည်း များလှသည်။ ကျွန်တော်တို့အဖွဲ့တွင် အမျိုးသမီးများမပါ၍ တော်တော့သည်။ သူတို့သာပါလျှင် ပန်းလက်ဆောင်လည်း ပေးရမည်။ ပန်းအလှကို ချီးမွမ်းခန်းဖွဲ့ရင်း ဤနေရာတွင် တစ်နေကုန်သွားနိုင်သည်။ ဤသစ်ခွပန်းများကို သပ်သပ်ရပ်ရပ် လှလှပပထုပ်ပိုးပြီး ရန်ကုန်နှင့် မန္တလေးတို့တွင် ရောင်းချလျှင် ဈေးကောင်းကောင်းရမည်။ အင်းတဲဈေးကတော့ ကြားရလျှင် နှမြောတသကြမည် ဖြစ်သဖြင့် မဖော်ပြလိုတော့ပါ။ ကိုနေဝင်းထွန်းကိုသာ ရန်ကုန်နှင့် မန္တလေးပို့ ရောင်းရန် အကြံပြုခဲ့သည်။

နန်းသဲကထွက်လာပြီး ရေပေါ် စိုက်ခင်းများအကြား ကွေ့ကာပတ်ကာမောင်းလာခဲ့ပြီး ၁၅ မိနစ်ခန့်အကြာတွင် အရှေ့ဘက်ရေပြင်သို့ ထွက်လိုက်သည်။ ထိုအခါ ရှမ်းရိုးမတောင်တန်းကြီးကို နောက်ခံပြုကာ မြန်မာ့ရိုးရာ လက်မှုပညာအပြည့်အစုံဖြင့် ပုံဖော်တည်ဆောက်ထားသော အင်းလေးမင်းသမီးဟိုတယ်၏ မှန်ဦးကို လှမ်းမြင်ရသည်။ အင်းရေပြင်က ပြာလဲ့လဲ့၊ တောင်တန်းများက စိမ်းစိမ်းညို့ညို့၊ တွေ့မြင်ရသည့် အဆောက်အအုံက မှိုင်းမှိုင်းညို့ညို့၊ ပန်းချီဆရာသာဆိုလျှင် ဤနေရာတွင် သူ့အတွက် လှပသော ပန်းချီကားတစ်ချပ် ထွက်ပေါ်လာနိုင်သည်။

လှေဆိပ်တွင် ဟိုတယ်လုပ်ငန်းရှင် အဖွဲ့သားများက ထုံးစံအတိုင်း ရိုးရာရှမ်းအိုးစည်နှင့် မောင်းတီးကာ ကြိုဆိုကြသည်။ အင်းလေးမင်းသမီးသည် မြန်မာလုပ်ငန်းရှင်ပိုင်ဟိုတယ်ဖြစ်သော်လည်း ပြင်ဆင်မွမ်းမံမှုများက နိုင်ငံတကာစံချိန်မီသည်။ အခန်းများက အဆင့်မြင့်သည်။ နေရာချထားပုံကောင်းသည်။ ဒီဇိုင်းမှာ ဆန်းသစ်သည်။ အင်းတဲ၌ အဆင့်မြင့်ဟိုတယ်များ စာရင်းဝင်သည်။ အခန်းအားဖြင့် ၂၅ ခန်းသာရှိသည်။ မိမိကြောင့် ပတ်ဝန်းကျင် မပျက်စီးရလေအောင် ဂရုတစိုက် ထိန်းသိမ်းထားသည်။

အင်းလေးမင်းသမီးက ထွက်လာပြီး အင်းလေးပါရာဒိုက်(စ်) ဟိုတယ်ကို ဆက်ကြည့်ဖြစ်သည်။ အခန်း ၅၀ ရှိသော်လည်း ရှမ်းရိုးရာတဲများဖြင့် တည်ဆောက်ထားသည်။ အတွင်းပိုင်းကို စနစ်တကျပြင်ဆင် ခင်းကျင်းထားသည်။ ရေမိလ္လာအပိုင်းကို ပိုက်လိုင်းများဖြင့် ကုန်းပိုင်းတွင် သီးခြားစွန့်ထုတ်သည်။ ထိုမှတစ်ဖန် ရွှေကျွန်းမျှောဟိုတယ်ကို ရောက်သည်။ အင်းတဲတွင် ရွှေကျွန်းမျှောဟိုတယ် နှစ်လုံးရှိရာ ကျွန်တော်တို့ရောက်လာသော ရွှေကျွန်းမျှောသည် အမှတ်(၂) ဖြစ်သည်။ အိပ်ခန်း ၂၀ ရှိ၏။ ဦးနေဝင်းထွန်းက ဟိုတယ်ဧည့်ကြိုခန်းမနှင့် အပေါ်ထပ် စားသောက်ခန်းမတို့ကို ယခုထက် ပိုကောင်းမွန်အောင် ပြန်လည်ပြုပြင်မည့်အကြောင်း ရှင်းလင်းပြသည်။ လမ်းနှင့်ဆက်စပ်နေသည့် သစ်ပင်အုပ်အုပ်တစ်နေရာတွင် ငှက်အများ အပြားတွေ့ရသဖြင့် မေးကြည့်ရာ တာဝန်ခံကိုစိုင်းစံလွင်က ဤနေရာသို့ ငှက်များ လာရောက်နားခိုလေ့ရှိကြောင်း၊ အထူးသဖြင့် လင်းဝက်၊ စင်ရော်၊ ဗျိုင်းနှင့် ကြိုးကြာတို့ အများဆုံး လာရောက်ကြောင်း၊ သူတို့ကို ဘေးမဲ့ပေးထားသည့်အပြင် အစာလည်းကျွေးသဖြင့် ယဉ်ပါးလာပြီဖြစ်ကြောင်း ပြောပြသည်။ ဟိုတယ်များသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စိတ်ဝင်တစား လုပ်ကိုင်လာကြသည့်အတွက် ဝမ်းသာမိသည်။

ကျွန်တော်တို့ ရွှေကျွန်းမျှောကအထွက်တွင် အနောက်တောင်ဆီမှ မိုးသားများတက်လာပြီး မိုးဖွဲများ ချက်ချင်းဆိုသလို ကျလာသည်။ လေအေးအေး ရေဖွေးဖွေးတွင် လှေကလေးနှင့် သွားရသောအခါ သူငယ်တန်း ဖတ်စာအုပ်ထဲက **မိုးရေတက်ရေတဖွေးဖွေး၊ ကွင်းကျယ်အဝေးဝေး၊ လယ်စောင့်တဲကလေးခြေတံရှည်၊ မိုးကုပ်အောက်မှာနေ၊ ကြာနီတစ်ပွင့် ဖြူတစ်ပွင့်၊ တဲနှင့်ပန်းတင့်** ဆိုသည့် ဆရာကြီးမင်းသုဝဏ်၏ ကဗျာကို ပြေး၍သတိရမိသည်။ လမ်းတွင် အဖော်တစ်ယောက်က အင်းလေးမှာရှာတဲ့မိုး သီချင်းကိုညည်းရင်း လိုက်ပါလာသည်။ ရွှေကျွန်းမျှောမှ အထွက်တွင် ဖောင်တော်ဦးဘုရားကို ဖူးမြော်ဖြစ်သည်။ မိုးလေရှိသည်ကတစ်ကြောင်း၊ ရှေ့ဆက်သွားရမည့် ခရီးစဉ်က တစ်ကြောင်းကြောင့် အင်းလေးခေါင်တိုင်ဟိုတယ်သို့ ဆက်ထွက်လာခဲ့သည်။

ခေါင်တိုင်သည် တစ်ချိန်က လူရည်ချွန်များ၏ အပန်းဖြေစခန်း ဖြစ်သည်။ ပေလီရှေဝါချိုင်တွင်လည်း အလားတူစခန်းမျိုးရှိခဲ့သည်။ ယခုအခါ ခေါင်တိုင်ဟိုတယ်သည် သာမန်အပန်းဖြေစခန်း မဟုတ်တော့။ အခန်းပေါင်း ၅၀ ရှိသည့် အလတ်တန်းစား ဟိုတယ်တစ်ခုဖြစ်နေပြီ။ အိပ်ခန်းများတွင် အဆင့်မြင့်အိပ်ခန်းများရှိသည်။ ရေစပ်တွင် စနစ်တကျ အခန်းဖွဲ့ထားသော တဲအိမ်လေးများလည်း ရှိသည်။ ပြည်တွင်း၊ ပြည်ပဧည့်သည်များ အထူးနှစ်ခြိုက်သည့် ဟိုတယ်ဖြစ်သည်။ ဟိုတယ်နှင့်တစ်ဆက်တည်း ရေပူစမ်းလည်းရှိသည်။ ရေပူစမ်းတွင် ရေချိုး၊ အပန်းဖြေ၊ စားသောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အင်းလေးကန်ကြီးသည် သဘာဝကပေးသော အမွေအနှစ်တစ်ခုဖြစ်သည်။ ရေကန်ဖြစ်သော်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သဖြင့် သမိုင်းဝင် ဆွဲဆောင်မှုတစ်ရပ်ဖြစ်သည်။ တချို့က ထုံးကျောက်များရေတိုက်စား၍ အရည်ပျော်ရာက ဖြစ်ပေါ်လာသော ပျော်ဝင်ကန်ဟုလည်း ဆိုကြသည်။ ယခုအခါ အင်းလေးသည် အရှည် ၁၁ မိုင်၊ အကျယ်လေးမိုင်ခန့်ရှိပြီး ပေ ၂၀ အထိ နက်သည်။ နှစ်စဉ် ကန်အတွင်းစီးဝင်သော ရေကုဗပေ ၄၀၀၀၀ ခန့်ရှိ၏။ ကန်ရေလှောင်အားသည် ကုဗပေ သန်း ၁၂၂၀၀ ဖြစ်သည်။ အင်းလေးကန် အစဉ်အမြဲ ရှင်သန်ရေးအတွက် နိုင်ငံတော်က ပြုပြင်ထိန်းသိမ်းလျက်ရှိသည့်နည်းတူ ပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းစောင့်ရှောက်ပေးရန် အထူးလိုအပ်လှပေသည်။

ကျွန်တော်တို့အဖွဲ့ ခေါင်တိုင်မှထွက်တော့ မွန်းလွဲနေပေပြီ။ လမ်းတွင်အင်းလေးကန်သာယာဟိုတယ်ကို ဝင်ရောက်ကြည့်ရှုသည်။ အခန်းအားဖြင့် ၃၀ ခန့်သာရှိသော်လည်း နှစ်ထပ်ပုံ ခပ်ဝပ်ဝပ် ဆောက်ထားသည်။ အင်းလေးကန်ရှုခင်းကို မြင်ကွင်းကျယ် ခံစားနိုင်အောင် အသားပေးထားသည်။ အိပ်ခန်း၊ စားသောက်ခန်း၊ ဧည့်ကြိုနေရာအားလုံးမှာ အဆင့်ရှိသည်။ ကန်စပ်နှင့် ဟိုတယ်ကြား ကွက်လပ်တွင် ဟိုတယ်အတွက် လိုအပ်သော ဟင်းသီးဟင်းရွက်နှင့် သီးနှံစိုက်ခင်းများရှိသည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွဲဖက်လုပ်ကိုင်သဖြင့် ဧည့်သည်ကို အမောတကော လိုက်ရှာစရာမလို၊ ကိုယ့်ဧည့်သည်ကို ကိုယ့်ဟိုတယ်တွင် နေရာချလိုက်ရုံသာရှိသည်။

အင်းလေး ကန်သာယာဟိုတယ်က ထွက်လာပြီး ကလောကိုရောက်တော့ ညနေ ၄ နာရီထိုးပြီ။ ရှေးဦးစွာ ကလောဟိုတယ်ကို သွားကြည့်ဖြစ်သည်။ ယခင်က ဤနေရာတွင် အဆောင်နှစ်ဆောင်သာရှိသည်။ ခြံက လေးဧကနီးပါးကျယ်ပြီး နှစ်ရှည်ပင်များဖြင့် အုံ့ဆိုင်းနေသည်။ နောက်ပိုင်းတွင် အဆောင်တစ်ဆောင်ထပ်တိုးချဲ့ရာ စုစုပေါင်း ၄၅ ခန်းရှိသည်။ မူလအဆောင်များမှာ ရှေးလက်ရာဖြစ်သဖြင့် ပြည်ပဧည့်သည်များ နှစ်ခြိုက်ကြသည်။

ကလောတွင် ရထားလမ်းကိုဖြတ်ကျော်ပြီး တောင်ပေါ်တက်လျှင် တောင်ပေါ်ဟိုတယ်ကိုရောက်သည်။ ယင်းဟိုတယ်အပေါ်မှကြည့်သည့်အခါ ကလောမြို့၏အလှကို အပေါ်စီးက မြင်ရသည်။ တောင်ပေါ်ဟိုတယ်ထိပ်တွင် ကျောက်ဆောင်ကျောက်တုံးများနှင့်ပန်းခြံလှလှလေးတစ်ခြံရှိသည်။ တောင်ပေါ်ဒေသဖြစ်သဖြင့် ရာသီဥတုကချမ်းအေးသည်။ ထင်းရှူးနှင့်ယူကလစ်နံ့သင်းသော လေနုအေးကို ရှူရှိုက်ရသည်မှာ စိတ်ကိုလန်းဆန်း ကြည်ရွှင်စေသည်။ တိုင်းရင်းသားလုပ်ငန်းရှင်ပိုင် ဟိုတယ်ဖြစ်သော်လည်း ပြည်တွင်းပြည်ပဧည့်သည်များကမနည်း။ လာမည့်ပွင့်လင်းရာသီအတွက် ကြိုတင်နေရာယူထားသူတွေရှိနေသည်။ ထိုညက တောင်ပေါ်ဟိုတယ်တွင် အိပ်ဖြစ်ကြသည်။

နောက်တစ်နေ့နံနက်တွင် ကလောမှထွက်လာခဲ့ကြသည်။ ကလောနှင့်အောင်ပန်းသည် မဝေးလှ၊ တစ်ဆက်တည်းလိုဖြစ်နေသည်။ မှတ်မှတ်ရရ တောင်ပတ်လမ်းတစ်ဆစ်ချိုး ကျော်လာပြီးသည်နှင့် အောင်ပန်းမြို့ထဲကို ဝင်သည်ထင်မိသည်။ ကလောကထွက်တော့ ကိုကြည်တိုး၏ ကလောအလွမ်းတစ်ဘူတာသီချင်းကို သတိရမိလိုက်သည်။ အောင်ပန်းလမ်းခွဲကတစ်ဆင့် ပင်းတယကို ဆက်သွားဖြစ်ကြသည်။ ပင်းတယနှင့်အောင်ပန်းသည် ၂၄မိုင် ခရီးသာရှိသည်။ လမ်းတွင်တောင်ယာခင်းများ၊ ရာသီပန်းများဖြင့် ကြည်နူးဖွယ်ကောင်းသည်။ ပင်းတယတွင် ဟိုတယ်ကြီးကြီးမားမား မရှိသေးချေ။ ပင်းတယဟိုတယ်နှင့် ကွန်ကာရာဟိုတယ်တို့မှာ အထင်ကရဖြစ်သည်။ ကွန်ကာရာဟိုတယ်ဧည့်ကြိုခန်းမမှ ပင်းတယတောင်ပေါ် မြင်ကွင်းမှာ အလွန်ကြည့်ကောင်းသည်။ ပင်းတယတွင် ဂူကြီးသုံးဂူရှိရာ အားလုံးကို မြင်တွေ့ရသည်။ ကွန်ကာရာဟိုတယ်မှအပြန် တောင်ပေါ်ကို ကားဖြင့်တက်ကြပြီး ဓာတ်လှေကားဖြင့် ဆက်တက်ကြသည်။ ဘုရားပစ္စယံနှင့် ဓာတ်လှေကားအကြားနေရာမှ ပင်းတယရှုခင်းသည် သာမောဖွယ်ကောင်း၏။ ရှမ်းကုန်းပြင်မြင့်၏ အလှကို မြင်ကွင်းကျယ်ရှုမြင်ရသည်။ ပင်းတယမှအပြန် ရွာငံကို ဝင်ဖြစ်သည်။ ရွာငံမှထွက်လာပြီး မွန်းတည့်ချိန်တွင် ကျောက်ကပြင်ကို ရောက်သည်။ ကျောက်ကပြင်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ပင်လာသည်။ ဈေးဆိုင်တွေ၊ အထူးသဖြင့် စားသောက်ဆိုင်တွေ များလာသည်။ ရွာငံမှ ထွက်လာကတည်းက အရှေ့ဘက်တွင် ရှေ့မြင်နောက်မြင်တောင်ကြောကြီးကိုယှဉ်ပြီး ဖြတ်သန်းခဲ့ရသည်။ ရေမြေကောင်းသဖြင့် သီးနှံများမှာ စိမ်းလန်းဝေဆာလျက်ရှိ၏။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည့်အတွက် အကြေသို့ ရောင်းရန်လွယ်ကူလာသည်။ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာသည်။ ရွာများသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာဖွံ့ဖြိုးတိုးတက်လာသည်။

ကျောက်ကပြင်မှ ထွက်တော့ နာရီပြန်တစ်ချက်ထိုးပြီ။ နောက်ပိုင်းလမ်းမှာ တောင်ပတ်လမ်းဖြစ်သည်။ မြို့ကြီးရောက်သည်အထိ ကွေ့ကာပတ်ကာ ဆင်းလာခဲ့သည်။ လမ်းမှာကျဉ်းသော်လည်း ကတ္တရာလမ်းဖြစ်သဖြင့် အရှိန်ဖြင့်မောင်းနိုင်သည်။ ခရီးသည်တင် ဘတ်စ်ကားကြီးများသွားရန် မသင့်သော်လည်း အငယ်စား၊ အလတ်စားကားများ သွက်သွက်လက်လက်သွားနိုင်သည်။ မကြာခင်မှာပင် မြို့ကြီးရွာကိုရောက်သည်။ ဟန်မြင့်မိုရ်ကို ရောက်တော့ ညနေသုံးနာရီ ကျော်ရုံသာရှိသည်။ ဟန်မြင့်မိုရ်၊ ကျောက်ဆည်၊ မန္တလေးလမ်းသစ်မှာ ပြောစရာမရှိ ချောမွေ့လျင်မြန်စွာ မောင်းနှင်နိုင်ခဲ့သည်။ အင်းဝဟိုတယ်ရောက်တော့ ညနေ ၄ နာရီထိုးပြီ။

ယခင်က တောင်ကြီး၊ အင်းလေးမှ မန္တလေးသို့ သွားလိုလျှင် အောင်ပန်း၊ ကလောနှင့် ယင်းမာပင်တို့ကို ဖြတ်ပြီး သာစည်သို့ ဆင်းရသည်။ ပြီးမှ သာစည်–မန္တလေးခရီး ဆက်ရမည်။ ယခု အောင်ပန်း၊ ရွာငံ၊ ဟန်မြင့်မိုရ်လမ်းသည် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့အား ဆက်သွယ် ဖောက်လုပ်ထားသောလမ်း ဖြစ်သည်။ ရွာငံ၊ ဟန်မြင့်မိုရ် မိုင် ၁၀၀ခန့်အကွာအဝေးကို ဖြတ်ကျော်ဖောက်လုပ်သဖြင့် ခရီးလမ်းတိုသွားသည့်အပြင် အစစအဆင်ပြေသွားသည်။ နယ်မြေလူထုအနေဖြင့် သွားလာရေးလွယ်ကူသွားသည်။ ခရီးလမ်းကြောင်း ကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာသည်။ နိုင်ငံတော်၏ ကျေးဇူးပင်ဖြစ်သည်။

မန္တလေးသည် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည်။ အထက်မြန်မာပြည်တွင် အချက်အချာကျသော မြို့ကြီးဖြစ်သည်။ တစ်ချိန်က မင်းနေပြည်ဖြစ်ခဲ့ရာ မန္တလေးတွင်လေ့လာစရာသမိုင်းကြောင်း အထောက်အထားတွေ မြားမြောင်လှသည်။ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရတို့တွင် ခေတ်အဆက်ဆက်၏ သမိုင်းမှတ်တိုင်များ ရှိခဲ့သည်။ မန္တလေးအကြောင်းတွေးလျှင် ဆုံးအံ့မထင်။

ကျွန်တော်တို့အဖွဲ့သည် အင်းဝဟိုတယ်တွင် နေရာယူပြီး ညစာစားချိန်ကို ည ၇ နာရီသတ်မှတ်ကာ လူစုခွဲလိုက်ကြ၏။ အချိန်ရလျှင် ပြင်ဦးလွင်မှတစ်ဆင့် ဂုတ်ထိပ်တံတားကြီးကို အမှတ်တရ သွားကြည့်ရန် စိတ်ကူးမိသည်။ လောလောဆယ်တွင်တော့ ခရီးပန်းလာသဖြင့် မန္တလေးကျုံးနှင့် မြို့ရိုးကို ငေးမောကြည့်ရှုရင်း ရှမ်းကုန်းပြင်မြင့်၏ သဘာဝအလှအပများကို ပြန်လည်သတိရနေမိပါတော့သည်။ ။

အင်းလေးကန်ကြီးသည် သဘာဝကပေးသော အမွေအနှစ်တစ်ခု ဖြစ်သည်။ ရေကန်ဖြစ်သော်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သဖြင့် သမိုင်းဝင် ဆွဲဆောင်မှုတစ်ရပ်ဖြစ်သည်။ တချို့က ထုံးကျောက်များ ရေတိုက်စား၍ အရည်ပျော်ရာက ဖြစ်ပေါ်လာသော ပျော်ဝင်ကန်ဟုလည်း ဆိုကြသည်။ ယခုအခါ အင်းလေးသည် အရှည် ၁၁ မိုင်၊ အကျယ်လေးမိုင် ခန့်ရှိပြီး ပေ ၂၀ အထိနက်သည်။ နှစ်စဉ် ကန်အတွင်းစီးဝင်သော ရေကုဗပေ ၄၀၀၀၀ ခန့်ရှိ၏။ ကန်ရေလှောင်အားသည် ကုဗပေ သန်း ၁၂၂၀၀ ဖြစ်သည်။ အင်းလေးကန် အစဉ်အမြဲ ရှင်သန်ရေးအတွက် နိုင်ငံတော်ကပြုပြင်ထိန်းသိမ်း လျက်ရှိသည့်နည်းတူ ပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်း စောင့်ရှောက်ပေးရန် အထူးလိုအပ်လှပေသည်။

✪ **ရှေ့ဖုံးမှ**

ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal ၊ စစ်သံမှူး Colonel Kasam Nakpunနှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က လေဆိပ် အထူးဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

အမှတ်တရလက်ဆောင် ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာ ပတိချုပ် General Somdhat Attanand နှင့် ဇနီးနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၌ ပို့ဆောင်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand ၏ ဇနီးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်စဉ်။ (သတင်းစဉ်)

○ **အမျိုးသားညီလာခံမှ**

လာမည့် အမျိုးသားညီလာခံကိုလည်း အဆင်ပြေချောမွေ့ အောင်မြင်အောင် အားလုံးက တက်ညီလက်ညီ ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ပြန်လည်ကျင်းပမည့် အမျိုးသား ညီလာခံတွင် လုပ်ငန်းကော်မတီက တင်ပြရန်ရှိသည့် ကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မရှင် အဖွဲ့ဝင်များက အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အမျိုးသားညီလာခံတွင် ချမှတ်မည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ပါဝင်ရမည့် အသေးစိတ် အခြေခံမူများ ချမှတ်နိုင်ရန် ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်းကြပြီး အစည်းအဝေးကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

စစ်တောင်းမြစ်ရေ အခြေအနေ

ရန်ကုန် စက်တင်ဘာ ၁၁

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက် ၀၆း၃၀ နာရီအချိန်၌ ၁၇စင်တီမီတာ(ပေ၀က်) စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း ၃၀စင်တီမီတာ(တစ်ပေခန့်) တက်လာနိုင်ပါသည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယနေ့နံနက် ၀၆း၃၀နာရီအချိန်၌ သုံးစင်တီမီတာ စိုးရိမ်ရေအမှတ် အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း ၃၀စင်တီမီတာ (တစ်ပေခန့်) တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

အာဆီယံနိုင်ငံများ ယဉ်ကျေးမှုဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသူများအား ဂုဏ်ပြုညစာစားပွဲတည်ခင်း

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် မန္တလေးမြို့၌ လက်ခံကျင်းပခဲ့သည့် အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေး စီမံကိန်းအပိုင်း(၃) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသူများအား မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ (ASEAN-COCI) ဥက္ကဋ္ဌ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့၌ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်ရေး စီမံကိန်းအပိုင်း(၃) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှတ်တရလက်ဆောင်ပေးအပ်

ညစာစားပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် တက်ရောက်လာသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်စဉ် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာများဖြင့် ကပြသီဆို ဖျော်ဖြေကြသည့် ကရဝိက်နန်းတော်မှ အနုပညာရှင်များအား ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် ကရဝိက်နန်းတော်မှ အနုပညာရှင်များက ASEAN Song of Unity သီချင်းကို ဂုဏ်ပြုသီဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့်ဇနီး ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော် ဖူးမြော်ကြည်ညို

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand **နှင့် ဇနီး** Madame Khunying Suppanapa Attanand **နှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး** Colonel Kasam Nakpun **နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ည ၁၀နာရီတွင် ရွှေတိဂုံစေတီတော်အား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။**

ရှင်းလင်းပြောကြား

ရှေးဦးစွာ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်သို့ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်မြင့်၊ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရွှေတိဂုံစေတီတော်သမိုင်းနှင့် သာသနိက အဆောက်အအုံများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အနောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ထွန်းညှိကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့သည် စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များကလက်ခံကြပြီး ရွှေတိဂုံစေတီတော်ပုံတော်နှင့် စေတီတော် ထီးတော်တင်သမိုင်းစာအုပ်တို့ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

လှည့်လည်ကြည်ညို

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်အခိဋ္ဌာန်အောင်မြေမှ ရွှေတိဂုံစေတီတော်ကို ဖူးမြော်ကြည်ညိုကြပြီး သာသနိကအဆောက်အအုံများကို လှည့်လည်ကြည်ညိုကြသည်။ (သတင်းစဉ်)

ဗိုလ်တထောင်စေတီတော်တရားပွဲမျ

ရန်ကုန် စက်တင်ဘာ ၁၁

၁၃၆၆ ခုနှစ် ဝါခေါင်လကွယ်နေ့ (စက်တင်ဘာ ၁၃ရက်) တနင်္လာ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရွှေတိဂုံအရှေ့ဘက်မုခ်ရှိ ရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ရန်ကုန်တိုင်း သံဃနာ အဖွဲ့ဥက္ကဋ္ဌဗိုလ်တထောင်စေတီတော် ဩဝါဒါစရိယဆရာတော်ဘဒ္ဒန္တ ကော (မဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ကလည်းကောင်း၊ ညနေ၃နာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အရှင်သူမြတ်က ကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိ လုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်မျ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတ သည်။

(က

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand **နှင့်ဇနီး** Madame Khunying Suppanapa Attanand **ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်ပုံတော်ကို ပြန်လည်ပေးအပ်စဉ်။** (သတင်းစဉ်)

စာကြည့်တိုက်မှာစာဖတ်ပါ

- ✱ **ကျောင်းပိတ်ရုံးပိတ်၊ ဈေးတွေပိတ်ချိန် အိပ်ပြီး နေကြပါသလား။**
- ✱ **ငြင်းရင်းခုံရင်း၊ စုံအတင်းနှင့် အပျင်းဖြေကြပါသလား။**
- ✱ **မူးယစ်ဆေးဝါး၊ လောင်းကစားနှင့် လမ်းမှားသွားနေပါသလား။**
- ✱ **အချိန်ရတုန်း၊ မဆုံးရှုံးဖို့ အသုံးချကြည့်လိုက်ပါလား။**
- ✱ **သုတများစွာ၊ ပေးနေပါသည့် စာကြည့်တိုက်ကိုသွားပါလား။**
- ✱ **မသိတာတွေ၊ သိလာစေဖို့ မရှိတာတွေ၊ ရှိလာစေဖို့ စာပေဖတ်မှတ်ကြည့်ပါလား။**
- ✱ **ရသခံစား၊ ဉာဏ်ရည်ပွားလျက် မှန်မှားမခွဲခြားနိုင်လား။**
- ✱ **အမှားကိုမြင်၊ အမှန်ပြင်၍ အသင်အကျိုးမရှိလား။**
- ✱ **ကောင်းကျိုးတိုးဝေ၊ မြတ်အမွေကို ရှာဖွေလိုက်ကြပါစို့လား။ ။**

မောင်ရွှေလူ(မအူပင်)

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ **ဒုတိယပတ် (တနင်္ဂနွေနေ့)** နှင့် **နောက်ဆုံးပတ် (တနင်္ဂနွေနေ့)** တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလအတွက်

(၁၂-၉-၂၀၀၄)ရက်နေ့

နှင့်

(၂၆-၉-၂၀၀၄)ရက်နေ့

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်တာဝန်ရှိသူများ စက်တင်ဘာ၁၁ရက်နံနက်ကမြို့တော်သန့်ရှင်းသပ်ရပ်သာယာရေးအတွက် ကျောက်တံတားမြို့နယ် ၃၆အလယ်လမ်းတွင် သန့်ရှင်းရေး ဆောင်ရွက်နေကြသည်များကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုနောင်တို့က လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။ (၁၉)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့)

၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၃)ရက် (အဖိတ်နေ့

နံနက်ပိုင်းနံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း "စတုတ္ထဆယ်စုနှစ်"(အပိုင်း-၂)
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၂၀ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English .
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၂၆)**
၁၂:၂၀ ၅။ အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း သိကောင်းစရာများ
၁၂:၃၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း သာအေးရဲ့သံယောဇဉ် (ဝေဠုကျော်၊ မြတ်ကေသီအောင်၊ မျိုးစန္ဒီကျော်) (ဒါရိုက်တာ-ဟိန်းထက်နိုင်)**
၂:၃၀ ၇။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
၂:၄၅ ၈။ International News.
၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ရန်ကုန်တိုင်း၊အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ်ဓမ္မစကြာ ဝတ်ရွတ်ပြိုင်ပွဲ (တတိယ (အထက(၄)မင်္ဂလာတောင် အမျိုးသားဝတ်ရွတ်အဖွဲ့)
၄:၅၀ ၄။ အဝေးသင်တက္ကသိုလ်ပည ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေ
၅:၀၅ ၅။ ပြည်ထောင်စု တိုင်းရင်းသား အက
၅:၁၅ ၆။ ၂၀၀၄ခုနှစ်၊ဒွါဒသမအကြိ (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ေ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ဂ မဟာဂီတ(အဆင့်မြင့်ပည အဆင့်) (အမျိုးသား၊အမျိုး
၅:၃၅ ၇။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယ "ဗုဒ္ဓပါဝစနာ" (ဣန္ဒာဆွေရေးသားပူဇော် မောင်မောင်ကြီး သီဆိုပူဇော်သည်)
၅:၄၅ ၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်း
၅:၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငပ (အပိုင်း-၁၄)**
၇:၃၅ ၁၃။ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
၇:၄၅ ၁၄။ ရွှေတံဆိပ်များဆွတ်ခူးထား မြန်မာ့ပြေးခုန်ပစ်အားကစား
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတ သော အချစ် (အပိုင်း-၂၄)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှိပြီး စွမ်းရည်ပြည့်ဝခေတ်မီရန် ကြိုးပမ်း မိမိတို့၏အရည်အချင်း ပြည့်ဝအောင် အစဉ်လေ့ကျင့်၊ အကျင့်စာရိတ္တမြင့်မားရန် အစဉ်ကျင့်ကြံ နိုင်ငံတော်ကာကွယ်ရေး အဓိကအရန်အင်အားစုဖြစ်သဖြင့် ဘက်စုံအရည်အသွေးပြည့်ဝရေး ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၄ခုနှစ် ပထမနှင့် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကား ပြောကြား သည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲမှူးချုပ်များ၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်နှင့် တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေး သင်တန်းကျောင်းများမှ ကျောင်းအုပ် ကြီးများနှင့် ရဲတပ်ရင်းမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီ အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတ်မှတ်ကာလအတွင်းဆောင်ရွက်မှုအခြေအနေ၊ ၁၉၉၆ခုနှစ်မှ ၂၀၀၄ခုနှစ် ဩဂုတ်လအထိ အမှုကြီး ၁၀မျိုး လျော့နည်းကျဆင်းသွားမှုအခြေအနေ၊ ရေပြင်လုံခြုံရေးနှင့် မြစ်ဝလုံခြုံရေး ဆောင်ရွက်နေမှု အခြေအနေ၊ လူကုန်ကူးမှုနှင့် ပြည်ပသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်မှုများ တားဆီးနိုင်မှု အခြေအနေ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွင် မဟာဗျူဟာနှစ်ရပ်နှင့် နည်းဗျူဟာသုံးရပ် ချမှတ်ဆောင်ရွက်မှု အခြေအနေနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်းဆောင်ရွက်နေမှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲဆောင်ရွက်နိုင်မှုအခြေအနေ၊ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး ထူးခြားဖြစ်စဉ်များအခြေအနေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီတွင် ဆပ်ကော်မတီခြောက်ခုဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဝန်ထမ်းအင်အားအခြေအနေနှင့် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၁၇)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၀၄ခုနှစ် ပထမနှင့် ဒုတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ရဲလုပ်ငန်းပိုင်းဆိုင်ရာနှင့် တာဝန်ပိုင်းဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီ အတွင်းရေးမှူး၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ရှင်းလင်းခဲ့ပြီးဖြစ်သဖြင့် မိမိအနေဖြင့်ရှေ့ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း။

ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်(၂)ရပ်ကို ရဲတပ်ဖွဲ့က အဓိက တာဝန်ယူဆောင်ရွက်နေရခြင်း ဖြစ်သည့်အတွက် ရဲတပ်ဖွဲ့၏ တာဝန်များမှာ ကြီးမားကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အကြီးအကဲက ရဲတပ်ဖွဲ့ကြီးကို စည်းစနစ်ကျသော၊ ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်အောင်၊ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားလည်း ဖြစ်အောင် ပြုပြင်ပြောင်းလဲသွားရန် လမ်းညွှန်မှုပြုခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှိပြီး စွမ်းရည်ပြည့်ဝခေတ်မီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ယနေ့အစည်းအဝေးသို့တက်ရောက်လာကြသည့် ရဲအရာရှိကြီးများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ အဖွဲ့အစည်းအသီးသီးကို ဦးစီးဦးဆောင်ပြုမှုပေးနေကြသူများဖြစ်ကြောင်း။

အစဉ်လေ့ကျင့်

ထို့ကြောင့် ဦးစီးဦးဆောင်ပြုလုပ်နေကြရသည့် ရဲအရာရှိကြီးများ အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မှာကြားချက်များနှင့်အညီ မိမိတို့၏ တပ်ဖွဲ့ကြီး တိုးတက်ကောင်းမွန်ရေးအတွက် မိမိတို့၏

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၂၀၀၄ခုနှစ် ပထမနှင့် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အရည်အချင်းပြည့်ဝအောင် အစဉ်လေ့ကျင့် ဆောင်ရွက်နေကြရမည် ဖြစ်သကဲ့သို့ မိမိတို့၏ အကျင့်စာရိတ္တ မြင့်မားကောင်းမွန်ရေးအတွက်လည်း အစဉ်ကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည့် အပြင် အများအကျိုးကို သယ်ပိုးထမ်းဆောင် နိုင်ကြရမှာဖြစ်ကြောင်း၊ သို့မှသာ အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်ကောင်းဖြစ်လာကြမည် ဖြစ်ကြောင်း။

ထို့ပြင် ခေါင်းဆောင်ကောင်းတစ်ဦး အနေဖြင့် နိုင်ငံရေးအမြင်၊ စီးပွားရေး အမြင်၊ အုပ်ချုပ်ရေးအမြင်၊ စစ်ရေး အမြင်များ ရှိကြရမည်ဖြစ်ပြီး အသိအမြင်မှန်ကန်အောင် အစဉ်လေ့ကျင့် ပျိုးထောင်နေကြရမည်ဖြစ်ကြောင်း၊ အသိမှန် အမြင်မှန်ရှိမှသာ မိမိတာဝန်ယူရသည့် လုပ်ငန်းတာဝန်များအပြင် မိမိ၏ လက်အောက်ခံဌာနများ၊ တပ်ဖွဲ့များသို့ မှန်ကန်စွာ ထိန်းကျောင်း ပြုပြင် နိုင်မည်ဖြစ်ကြောင်း။

အသိအမြင်မှန်ကန်ရေး

အသိအမြင် မှန်ကန်ရေးအတွက် ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များ၊ မိမိတို့ နိုင်ငံ၏ အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များ၊ မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် သိမြင်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်ပြီး ယနေ့ နိုင်ငံကြီးအချို့အနေဖြင့် စစ်အင်အား သာလွန်မှု၊ နည်းပညာ သာလွန်မှု၊ ဓနအင်အား သာလွန်မှုများကို အခွင့်ကောင်းယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် Mediaနည်းမျိုးစုံဖြင့် အနိုင်အထက်ပြုမှုများ၊ ဩဇာလွှမ်းမိုးခြယ်လှယ်ရန် ကြိုးစားအားထုတ်လုပ်ဆောင်မှုများ၊ စစ်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်နေခြင်းများကို ယနေ့ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များ၌ တွေ့မြင်နေကြရကြောင်း။

ခွန်အားသုံးရပ်

ယင်းကဲ့သို့ ဖြစ်စဉ်ဖြစ်ရပ်များအရ မိမိတို့နိုင်ငံအနေဖြင့် သူတစ်ပါး၏ ဩဇာလွှမ်းမိုးမှု၊ အနိုင်အထက်ပြုမှု မခံရအောင် ကိုယ်ခံစွမ်းအားများ ရှိနေရန်အတွက် နိုင်ငံရေးခွန်အား၊ စီးပွားရေးခွန်အားနှင့် စစ်ရေးခွန်အား စသည့် ခွန်အားသုံးရပ် တောင့်တင်းနေရန် တည်ဆောက်ထားရန် လိုအပ်ကြောင်း။

နိုင်ငံရေးခွန်အား တောင့်တင်းရေး အတွက် မိမိတို့တိုင်းပြည်တွင် လုံခြုံမှု၊ တည်ငြိမ်မှုနှင့်တရားဥပဒေ စိုးမိုးမှု ရှိနေစေရန် တည်ဆောက်ထားရန် လိုအပ်ကြောင်း၊ ယင်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ တာဝန်သည် အဓိကအခန်းကဏ္ဍက ပါဝင်နေကြောင်း၊ တပ်မတော်အပိုင်းကလည်း မိမိတို့၏ တပ်မတော်တာဝန်ကို ကျေကျေပွန်ပွန် သမိုင်းနှင့်ချီပြီး ထမ်းဆောင်နေသကဲ့သို့ ရဲတပ်ဖွဲ့အပိုင်းကလည်း ရဲတပ်ဖွဲ့၏ တာဝန်များကို ကျေပွန်အောင် တာဝန်ယူ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန် အကာအကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံးတရားဥပဒေ ဘောင်အတွင်းတွင် မျှမျှတတ ခံစားနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို အလေးထားပြီးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့အတူ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှု အန္တရာယ်များကို အမျိုးသားရေးတာဝန်အဖြစ် ပြတ်ပြတ်သားသား မှန်မှန်ကန်ကန် ကာကွယ်တားဆီးသွားကြရန်လိုကြောင်း။

အောင်မြင်တိုးတက်

စီးပွားရေးသည်နိုင်ငံရေး၏ကွင်းဆက်ဖြစ်ကြောင်း၊ စီးပွားရေးတောင့်တင်းခိုင်မာလာသည်နှင့်အမျှ နိုင်ငံတော်တည်ငြိမ် အေးချမ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးခိုင်မာတောင့်တင်းအောင် နိုင်ငံတော်အစိုးရက စီးပွားရေးစီမံကိန်းများ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ များစွာ အောင်မြင်တိုးတက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်း ဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံတော်က စပါးသီးနှံအပါအဝင် အဓိကသီးနှံ (၁၀)မျိုးကို ရွေးချယ်ပေးပြီး သီးနှံများအလိုက် ပန်းတိုင် အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် တွန်းအားပေး ကူညီဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ကော်ဖီ၊လက်ဖက်၊ရေတ်ကောင်း စသည့် အမယ်သစ်(အမည်သစ်) သီးနှံသုံးမျိုးနှင့် ရော်ဘာ၊ ဆီအုန်း၊ သစ်ဆိမ့် စသည့် နှစ်ရှည်သီးနှံသုံးမျိုးကိုလည်း ရေ၊ မြေ၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် ဒေသများတွင် စိုက်ပျိုး လုပ်ကိုင်သူများ၏ စိတ်ကြိုက် လွတ်လပ်စွာ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို ပေးထားကြောင်း၊ သီးနှံများကို တစ်အုပ်တစ်မ များများ စိုက်နိုင်ရန်အတွက် လက်ရှိ တောင်သူလယ်သမားများသာမက စီးပွားရေးလုပ်ငန်းရှင်များပါ ပါဝင်စိုက်ပျိုးနိုင်ရန် နိုင်ငံတော်က စိုက်ပျိုးမြေများ ချထားပေးသည့်အပြင် လယ်ယာသုံး စက်ကိရိယာများကိုလည်း ပြည်ပမှ တင်သွင်းခွင့်နှင့် မိမိတို့စိုက်ပျိုး ဖြစ်ထွန်းသည့် သီးနှံများကိုလည်း ပြည်ပသို့တင်ပို့ ရောင်းချခွင့် ပေးထားကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင် လုံခြုံရေးအတွက် ရဲတပ်ဖွဲ့အနေဖြင့် ထိထိရောက်ရောက် ကာကွယ်ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

အဓိကအရန်အင်အားစု

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေး အတွက် တပ်မတော်နှင့် လက်တွဲပြီး ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အနေဖြင့် နိုင်ငံတော် ကာကွယ်ရေး အတွက် အဓိက အရန်အင်အားစု ဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံ အရည် အသွေးပြည့်ဝသည့် ရဲတပ်ဖွဲ့ ဖြစ်ရေးအတွက် အစဉ်လေ့ကျင့် ဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အား တောင့်တင်းရန် အမြင်ရှိရှိ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အုပ်ချုပ်ရေးအမြင်လည်း ရှိရန် အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည်နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသကြီး(၂၄)ခု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် စသည့် စီမံကိန်းကြီးသုံးခုကို ချမှတ်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါ မကျန် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အားလုံးအသိအမြင်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါဖွံ့ဖြိုးရေးစီမံကိန်းကြီးများ ပိုမိုတိုးတက်အောင်မြင်ရေး အတွက် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့် ညီညီညွတ်ညွတ် လက်တွဲကာ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် အလှူရှင်များက လှူဒါန်းထားသည့် Children Wheel Chair များနှင့် ပစ္စည်းမျိုးစုံ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန်　　စက်တင်ဘာ　　၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးနှင့် မြန်မာနိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့မှ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် Children Wheel Chair ၉၃လုံး၊ ဆေးရုံသုံးပစ္စည်းမျိုးစုံ၊ အားကစားဝတ်စုံ ၁၁၄၈ ထည်၊ ကလေးကစားစရာအရုပ် ၅၁၇ရုပ်၊ ကလေးစီးရှူးဖိနပ် ၁၁၈ရန်နှင့် ရုံးသုံးပစ္စည်းမျိုးစုံအပါအဝင် တန်ဖိုးငွေကျပ် ၂၀၈သိန်းခန့်ရှိ ပစ္စည်းမျိုးစုံ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း တက်ရောက်၍ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်စား ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက Children Wheel Chair များနှင့် ဆေးရုံသုံးပစ္စည်းမျိုးစုံကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံလည်းကောင်း၊ အားကစားဝတ်စုံများကို အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်ထံလည်းကောင်း၊ ကလေးကစားစရာအရုပ်များနှင့် ကလေးစီး ရှူးဖိနပ်များကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင် လင်းမြင့်ထံလည်းကောင်း လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကိုယ်စား ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်းက အားကစားဝတ်စုံ၁၁၄၈ ထည်ကို အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်စား ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်းက Children Wheel Chair များနှင့် ဆေးရုံသုံးပစ္စည်းများ ကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်စား ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်းက ကလေးကစားစရာများ နှင့် ကလေးစီးရှူးဖိနပ်များကို မြန်မာ နိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်ထံ ပေးအပ်လှူဒါန်း စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေး အတွက် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး အကောင် အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက် ရှိရာ နိုင်ငံရေးကဏ္ဍတွင် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့် ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း၊ အမျိုးသား ညီလာခံ ကျင်းပခြင်း အပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကိုအဆင့်ဆင့် ဆောင်ရွက် သွားမည်ဖြစ်ရာ လုပ်ငန်းရပ်များ အားလုံး အောင်မြင်ရေးအတွက် ကျရာ ကဏ္ဍက ညီညီညွတ်ညွတ် ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ သတ်မှတ်ကာလအတွင်း ချမှတ်ထားသော ရည်မှန်းချက်တာဝန် များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီ အစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က တင်ပြချက်များအပေါ် ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက် များအပေါ် ပြန်လည်ဆွေးနွေးမှာကြား ပြီး နိဂုံးချုပ်အမှာစကား ပြောကြား သည်။

(သတင်းစဉ်)

ဒဂုံ အ-ထ-က(၁) ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၁

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်း အနားကို ယနေ့နံနက် ၉နာရီတွင် ကျောင်းအားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ န၀မတန်း အပြာ(ခ)အသင်း နှင့် အစိမ်း(က)အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ အပြာ(ခ)အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွား သည်။

ထို့နောက် ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး ကျောင်း အားကစားတာဝန်ခံ အထက်တန်းပြ ဆရာဦးကျော်မြင့်က ဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများအား ကျေးဇူး တင်စကား ပြောကြားသည်။

ယင်းနောက်ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်၊ မိဘဆရာအသင်း အတွင်းရေးမှူး အထက်တန်းပြ ဆရာမ ဒေါ်ဝင်းမာနှင့် အတန်းမှူး ဆရာ၊ ဆရာမများက ဘောလုံးနည်းပြဆရာ ဦးသန့်စင်နှင့် ဆုရ အားကစားသမားများအား ဂုဏ်ပြု ဆုများချီးမြှင့်ကြသည်။ **(ဝဲပုံ)** (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်း ကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားတွင် ဒုတိယ တန်းမှ ပထမဆုရရှိသော မောင်ပြည့် ဖြိုးအောင်အား ကျောင်းအုပ်ဆရာမ ကြီး ဒေါ်စောအိထွေးက ဆုချီးမြှင့် စဉ်။

(က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များသို့ သွားရောက်၍ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်လုပ်ငန်းအခြေအနေများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြမာလာလမ်းရှိ သာကေတစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးသို့ရောက်ရှိလာသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သာကေတ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးခန်းမ၌ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်ကသာကေတစက်မှုဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သာကေတစက်မှုဇုန်အတွင်း NIBBAN Electric and Electronics စက်ရုံသို့ရောက်ရှိလာရာ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ အောင်သိန်းက စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် UPS မီးအားမြှင့်စက်နှင့် ရုပ်မြင်သံကြားသုံး အင်တာနာများထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် NIBBAN Electric and Electronics စက်ရုံအတွင်း UPS ၊ မီးအားမြှင့်စက်နှင့် ရုပ်မြင်သံကြားအင်တာနာ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြနန္ဒာလမ်းရှိ JEWOO အထည်ချုပ်စက်ရုံအတွင်း အဝတ်အထည်များ ချုပ်လုပ်နေမှုများကို လည်းကောင်း၊ NIBBAN- UD Group Industries စက်ရုံအတွင်း Light Truck မော်တော်ယာဉ်များကို ဓာတ်ဆီ/ဒီဇယ်ဆီအစား CNG ဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲတပ်ဆင်ဆောင်ရွက်နေမှုနှင့် အင်ဂျင်တစ်လုံးအား CNG ဓာတ်ငွေ့နှင့် ဓာတ်ဆီနှစ်မျိုးစလုံးအသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှု များကိုလည်းကောင်း၊ စင်ကြူရီကြိမ်လုပ်ငန်း အလုပ်ရုံအတွင်း ကြိမ်ထည်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများအလိုက် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်း ပြသကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးသည်။

မော်တော်ယာဉ်များတွင် CNG ဓာတ်ငွေ့များသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်များစွာ သက်သာမည် ဖြစ်သည်။

တွေ့ဆုံ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးသို့ ရောက်ရှိပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း စက်မှုဇုန်များမှ စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

စက်မှုဇုန်

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ စက်မှုဇုန်များ အကျယ်အဝန်း၊ စက်ရုံများ အခြေအနေနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တိုးတက်မြင့်မား

ယင်းနောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အမှတ်(၃) စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်တို့က သက်ဆိုင်ရာ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း၏ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်း များ၏ တန်ဖိုးများ တိုးတက်မြင့်မားရေးအတွက် စက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများမှ ထုတ်ကုန်တိုးမြှင့်ဆောင်ရွက်ရေးနှင့် စက်ရုံ အလုပ်ရုံများ အချိန်ပြည့် လည်ပတ်နိုင်ရေး တတ်နိုင်သမျှ ညှိနှိုင်းဖြည့်ဆည်းပေးမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လိုက်လံကြည့်ရှု

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်း အမှတ်(၂) စက်မှုဇုန်ရှိ Mectronic စက်ရုံအတွင်း Safe Guard များထုတ်လုပ်နေမှု၊ မီးအားမြှင့်စက် ထုတ်လုပ်နေမှုနှင့် ရုပ်မြင်သံကြား အင်တာနာ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ Sun Light Fiber Glass စက်ရုံအတွင်း Fiber ဖြင့် ပြုလုပ်ထားရှိသည့် မော်တော်ယာဉ် အစိတ်အပိုင်းများ၊ လူအသုံးအဆောင်ပစ္စည်းများ၊ စက်လှေ ကိုယ်ထည်များ၊ ရေတိုင်ကီများ၊ ထိုင်ခုံများ ပြုလုပ်နေမှုများကို လည်းကောင်း၊ ဦးသောင်းစက်မှုလက်မှု အလုပ်ရုံအတွင်း တွင်ခုံများနှင့် စက်အစိတ်အပိုင်းကိရိယာများ ထုတ်လုပ်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးရာ တာဝန်ရှိသူများအား ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသာကေတစက်မှုဇုန်ရှိ NIBBAN Electric and Electronic စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

ရွှေမြင့်မိုရ်ဆရာတော် လန်ဒန်မြို့သို့ဓမ္မဒူတခရီးကြွရောက်

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းတောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိအမှတ်(၁) ကျောင်းတိုက်ရွှေမြင့်မိုရ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ ပဓာနနာယကဆရာတော် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယ ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်) သည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယျအတိုင်း ဝိပဿနာတရားစခန်းပွဲများ၊ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်တရားတော်များ၊ ဟောကြားချီးမြှင့်ရန် တပည့်အရှင်အာသဘ (မဟာဓမ္မာစရိယ–ကျမ်းပြု၊ မဟာဝိဇ္ဇာ–သီရိလင်္ကာ)နှင့်အတူ သြဂုတ် ၂၈ရက်တွင် လန်ဒန်မြို့သို့ ဓမ္မဒူတခရီး ကြွရောက်တော်မူကြောင်းသိရသည်။ (သတင်းစဉ်)

စက်တင်ဘာ ၁၀ ရက်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ လူငယ်များ ဖွံ့ဖြိုးမှု ဖလှယ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော Mr.Shiro YABUခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၄ ဦးပါ ဂျပန်လူငယ်အဖွဲ့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး အစည်းအဝေး ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာရေကူးအဖွဲ့ ထိုင်းသို့ လေ့လာရေးထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၁

ထိုင်းနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရမြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေ ခေါင်းဆောင်သော မြန်မာ ရေကူး လေ့လာရေးအဖွဲ့သည် ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ထွက်ခွာသွားသည်။

အဆိုပါမြန်မာရေကူးလေ့လာရေးအဖွဲ့တွင် အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်မောင်ဝင်း၊ ဦးတင့်ဆန်း၊ ဦးမောင်ဝိတ်၊ အတွင်းရေးမှူး ဦးချိုမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်လွင်၊ ဘဏ္ဍာရေးမှူး ဦးဟန်ထွန်းမောင်၊ တွဲဖက်ဘဏ္ဍာရေးမှူးများဖြစ်ကြသည့် ဦးစိန်သစ်နှင့်ဦးအောင်ထွေး၊ အမှုဆောင်များဖြစ်ကြသည့် ဦးတောက်ထွန်း၊ ဦးမြသီး၊ ဦးသက်ဝင်း၊ ဦးရွှေကြိုင်၊ ဦးဉာဏ်သစ်လှိုင်၊ ဦးထွန်းဝင်း၊ ဦးမျိုးဝင်းနှင့် ဦးမိုးကျော်စုစုပေါင်း ၁၇ဦးတို့လိုက်ပါသွားကြသည်။ **(ဝဲပုံ)**

မြန်မာရေကူးလေ့လာရေးအဖွဲ့သည် ထိုင်းနိုင်ငံ အမျိုးသားတံခွန်စိုက် ရေကူးပြိုင်ပွဲနှင့် ရေကူးဒိုင်ဗင်လုပ်ငန်းများကို ကြည့်ရှုလေ့လာမည်ဖြစ်ပြီး နည်းပညာဖလှယ်ကာ ပူးတွဲလေ့ကျင့်ရန် ဆွေးနွေးကြမည်ဖြစ်သည်။ ထို့ပြင်လိုအပ်သော ရေကူးအထောက်အကူပြု ပစ္စည်းများ ဝယ်ယူမည် ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

တရားစခန်းကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့ ခနောင်တို အရှေ့ရပ်ကွက် ကံကြီးပိုင်းရှိ သာသနာ့ရက္ခိတရိပ်သာ (တိုက်ကျောင်း)၌ ကျေးဇူးရှင်ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိစ္စ၏ အလိုတော်ကျ သတိပဋ္ဌာန်အလုပ်ပေး တရားတော်ကို သီတင်းကျွတ်လဆန်း ၁၄ရက် အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ ၂ရက်ထိ စတုတ္ထအကြိမ် ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ အောက်တိုဘာ ၁ ရက်မှစ၍ ရိပ်သာသို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ် ဗိုလ်လောင်း၊ တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်း နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည်ဝင်ခွင့် စာမေးပွဲကို အောက်ပါ အတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	ဇီဝဗေဒ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	သင်္ချာ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	သင်္ချာ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင် ဖြေဆိုရမည်-

(က)	မြစ်ကြီးနားမြို့	တပ်နယ်ခန်းမ။
(ခ)	လားရှိုးမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဂ)	ကျိုင်းတုံမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ)	တောင်ကြီးမြို့	သံလွင်ခန်းမ။
(င)	မော်လမြိုင်မြို့	ရွှေနတ်တောင် တပ်မတော် အထက။
(စ)	မြိတ်မြို့	တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဆ)	စစ်တွေမြို့	ဗန္ဓုလခန်းမ။
(ဇ)	မုံရွာမြို့	အထက(၂) အလုံ၊ တပ်မတော်ကျောင်း။
(ဈ)	တောင်ငူမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ။

(ည) ရန်ကုန်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ၊ အထက(၂)၊ မင်္ဂလာဒုံ။

(ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း- ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ရန်ကင်း။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၂)၊ မင်္ဂလာဒုံ။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက (၂)၊ မင်္ဂလာဒုံ။

(ဋ) ပုသိမ်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၂၅၀)အထိ- တိုင်းစစ်ဌာနချုပ်ခန်းမ။

(ခခ) ခုံအမှတ်(၂၅၁)မှ နောက်ပိုင်း- တပ်နယ်အားကစားရုံ။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဌ) မန္တလေးမြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ- အထက(၁၈)၊ နန်းတွင်း။

(ခခ) ခုံအမှတ်(၁၄၀၁)မှနောက်ပိုင်း - အမက(၆)၊ နန်းတွင်း။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် -အထက(၁၈)၊ နန်းတွင်း။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၁၈)၊ နန်းတွင်း။

၃။ မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင် သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာ ထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှု နိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

သမဝါယမဒေသထွက်ကုန် အရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

သမဝါယမ ဝန်ကြီးဌာနသည် နိုင်ငံတော်၏ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် သမဝါယမ ဒေသထွက်ကုန် အရောင်းပွဲတော်ကို သမဝါယမ ကုန်သွယ်ရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံပလာဇာ)၌ ၂၀၀၄–ခုနှစ် အောက်တိုဘာ၂၆ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အရောင်းပွဲတော် ကျင်းပရာတွင် ပြည်နယ်/တိုင်းများအလိုက် သမဝါယမ အသင်းများက ရွာတစ်ရွာထုတ်ကုန်တစ်မည် (One Village One Product) အစီအစဉ်ကို အခြေခံ၍ဒေသအလိုက် အဓိကထုတ်ကုန်များ၊ ထူးခြားသည့် တိုင်းရင်းသားရိုးရာ အသုံးအဆောင်များ၊ ထင်ရှားသည့် ရိုးရာအစားအစာများကို ခင်းကျင်းရောင်းချရန် စီစဉ်ထားသည်။

ဆက်သွယ်နိုင်

နိုင်ငံပိုင်၊ သမဝါယမနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်း အရောင်းဆိုင်များလည်း ပါဝင်ခင်းကျင်းပြီး စားသုံးသူ ပြည်သူများအား ကုန်ပစ္စည်းမျိုးစုံကို တစ်နေရာတည်းမှ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည် ဖြစ်သည်။ အရောင်းပွဲတော်တွင် ပါဝင်ပြသရောင်းချလိုသူများ၊ ပွဲတော်ကိစ္စအဝဝ ဆက်သွယ်လိုသူများသည် သမဝါယမဝန်ကြီးဌာန ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဖုန်း–၂၄၃၈၅၄၊၂၄၃၈၅၃၊ ၃၇၉၈၄၃နှင့် ဆရာစံ ပလာဇာ ဖုန်း–၅၅၈၅၃၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

သတင်းအရှာဖွေ ဘိန်းဖြူများ ဖမ်းမိ

ရန်ကုန် စက်တင်ဘာ ၁၁

နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက်တွင်မိုးညှင်းမြို့နယ်အင်းတော်ကြီးဒေသလုံးတုံကျေးရွာအနောက်တောင်ဘက်ရှိ တောင်ယာတဲ တစ်လုံးကို သတင်းအရဝင်ရောက် စစ်ဆေးရှာဖွေရာ ယင်းတောင်ယာတဲအတွင်းရောက်ရှိနေသော ကွတ်ခိုင်မြို့နယ် ရောက်ဟော်ကျေးရွာနေ ဦးရန်ရှင်းထန်၏ သား ရန်ချွန်းကြည်(ခေါ်) အားစီအား ဘိန်းဖြူဆပ်ပြာခွက် ၁၁၀ စုစုပေါင်း အလေးချိန် ၁ ဒသမ ၅၅ ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

အမှတ်(၂၇) နဝရတ်လမ်း ရတနာကျွန်းရိပ်သာ မြောက်ဥက္ကလာပ မြို့နယ်နေ ဦးတင်ညွန့် – ဒေါ်သွဲ့သွဲ့ရီ မိသားစုက ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းကို ဩဂုတ် ၂၈ရက်က လှူဒါန်းရာဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)လက်ခံယူစဉ်။ (က–ပ)

ပို့ကုန်မြှင့်တင်ရေး ဗီဒီယိုဇာတ်လမ်း ရိုက်ကူးရေးညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်း (International Trade Course)နှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ပညာပေးဗီဒီယို ဇာတ်လမ်း ရိုက်ကူးရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အထွေထွေ အတွင်းရေးမှူး၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်ကသင်တန်းအထောက်အကူပြုရန်နှင့် ပုဂ္ဂလိကကဏ္ဍပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအတွက် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာပညာပေးဗီဒီယိုဇာတ်လမ်းရိုက်ကူးရန် စီစဉ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပညာရေးဆိုင်ရာ လုပ်ငန်း ကော်မတီဝင်များနှင့် အနုပညာရှင်များက အကြံပြုဆွေးနွေးတင်ပြကြသည်။အဆိုပါ ပညာပေး ဗီဒီယိုဇာတ်လမ်းကို နိုင်အောင်ကိုက ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ မီးပွားက စီစဉ်ညွှန်ကြားရိုက်ကူးပြီးသရုပ်ဆောင် မင်းဦး၊ မျိုးစန္ဒီကျော်၊ သက်မွန်မြင့်၊ ဆောင်းအိန္ဒြေထွန်းနှင့် သရုပ်ဆောင်များ၊ UMFCCI Training Centreမှ သင်တန်းသား၊ သင်တန်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

မုန်တိုင်းအထူးသတင်း

ရန်ကုန် စက်တင်ဘာ ၁၁

ယနေ့နံနက်မြန်မာစံတော်ချိန် (၀၆း၃၀)နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိပြီး စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၂၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ ယင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ရွေ့လျားပြီး ယနေ့နံနက်မှ နောက် (၁၂)နာရီအတွင်း စစ်တွေမြို့၏ မြောက်ဘက်မှ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်ပါသည်။

ယင်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခေတ္တမျှ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် (၄၅)မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးရုံသုံးစက်ကိရိယာများကို ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများကို တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်–၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်တွင် ၁၄–၉–၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်းသို့ ၂၈–၉–၂၀၀၄ရက်နေ့ မွန်းလွဲ၂ နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်ပြီး နောက်ကျတင်သွင်းလာသော ချိပ်ပိတ်တင်ဒါများကို လက်ခံမည်မဟုတ်ပါ။

အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)၊ ဖုန်းအမှတ်–၃၇၁၉၆၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုဆေးသိုလှောင်ရေးဌာန
ကျန်းမာရေးဦးစီးဌာန။



ကွယ်လွန်သူဖခင်ကြီး ရဲအုပ်(ဦးထွန်းစိန်) တစ်နှစ်ပြည့် အားရည်စူး၍ အမှတ်(၄၄)ရွှေဝါလမ်း အမှတ်(၈)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဒေါ်ချိုချိုခင်နှင့် သားသမီး မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ဩဂုတ်၃၀ရက်က ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လာရောက်လှူဒါန်းရာ အလုပ်အမှုဆောင်ဦးညွှန့်သိန်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

ပြည်ခရိုင် ခြောက်မြို့နယ် အလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်

ပြည် သြဂုတ် ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ခြောက်မြို့နယ် အလွတ်တန်းဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို သြဂုတ် ၂၀ ရက် ညနေ ၃နာရီခွဲက ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) မင်္ဂလာရွှေပြည် အားကစားပြိုင်ကွင်းတွင် ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အဖွဲ့ဝင်(၂) ရဲမှူးကြီးမြင့်ဝေနှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် အဖွဲ့ဝင်များ၊ တိုင်း/ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှဘင်ခရာတီးဝိုင်းအဖွဲ့များ၊ ပန်းဖွားအကများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းသားများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက အဖွင့်အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။ ထို့နောက် ပထမနေ့ပွဲစဉ်အဖြစ် ပေါင်းတည်မြို့နယ်အသင်းနှင့် သဲကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ **(၄၉၇)**

သမဝါယမဝန်ကြီးဌာန ကုက္ကိုပင်စိုက်ပျိုးပွဲတော်ကို စက်တင်ဘာ ၃ ရက်က ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်း၊ သမဝါယမဦးစီးဌာန အထက်မြန်မာပြည် တာဝန်ခံ မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူတို့ စိုက်ပျိုးကြစဉ်။ (က–ပ)

ပေါင်းတည် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲ

ပေါင်းတည် သြဂုတ် ၂၆

ပေါင်းတည်မြို့ (၁၀၄)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပရန် မြို့လုံးကျွတ် အစည်းအဝေးကို သြဂုတ် ၂၂ ရက်က မြတ်စွယ်တော်အာရုံ ခံတန်ဆောင်းအတွင်း၌ ကျင်းပသည်။ သဘာပတိအဖြစ် မြို့နယ်သာသနာရေးဦးစီးဌာနမှ ဦးမြင့်စိုး၊ အခမ်းအနားမှူးအဖြစ် ဦးမောင်ဟုတ်တို့က ဆောင်ရွက်ကြသည်။

သဘာပတိ သာသနာရေးဦးစီးမှူးနှင့် ဗုဒ္ဓမြတ်စွယ်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိမ်းတို့က ပွဲတော်ကြီး စည်ကားသိုက်မြိုက်စေရေး အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ဗုဒ္ဓမြတ်စွယ်တော် ဂေါပကအဖွဲ့မှ သြဂုတ် ၂၃ ရက်မှ စတင်ပြီး ဆပ်ကော်မတီ ၁၄ ဖွဲ့ကို ဖွဲ့စည်း၍ လုံခြုံရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး လုပ်ငန်းများ ဆောင်ရွက်နေကြပြီး မြို့ပေါ် ၁၂ ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာမှ ဦးဆောင်၍ ကျန်းမာရေး၊ သန့်ရှင်းရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၃၉၆)**

လှိုင်လင်ခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

လှိုင်လင် သြဂုတ် ၂၉

လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို သြဂုတ် ၂၀ ရက်က ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအဖြစ် ပင်လုံမြို့နယ်အသင်းနှင့် မိုင်းရှူးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြစ်နေ၍ အချိန်ပို ကစားသော်လည်း ဂိုးမသွင်းနိုင်ကြသဖြင့် ပိုင်နယ်တီကန်ရာတွင် ပင်လုံမြို့နယ်အသင်းက ခြောက်ဂိုး–ငါးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုပေးပွဲတွင် အသန့်ရှင်းဆုံးဆုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအေးမောင်ကြည်က မိုင်းရှူးမြို့နယ်အသင်းအား ချီးမြှင့်ပြီး အကောင်းဆုံးဂိုး၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် ထူးချွန်ဆုများကို တပ်ရင်း၊ တပ်နယ်မှူးနှင့် ခရိုင်အား/ကာလက်ထောက် ညွှန်ကြားရေးမှူးတို့က လည်းကောင်း၊ ဒုတိယဆုရ မိုင်းရှူးမြို့နယ် ဘောလုံးအသင်းကို အဖွဲ့ဝင်(၂) ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသုတဖေက ဆုတံဆိပ်နှင့် ငွေသားကျပ်ငါးသောင်းကို လည်းကောင်း၊ ပထမဆုရ ပင်လုံမြို့နယ်အသင်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်က တံခွန်စိုက် ဆုဖလားနှင့် ငွေသားကျပ်တစ်သိန်း **(အပေါ်ပုံ)** ကိုလည်းကောင်း ချီးမြှင့်သည်။

(ခရိုင်ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၆ ရက်က ဇီးပင်ကြီးကျေးရွာသွား ကားလမ်းပေါ်ရှိ ကွန်ကရစ်တံတားများကို ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် အင်ဂျင်နီယာမှူး ဦးစိုးသန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင်/ပြန်ဆက်)

ဘိုကလေး စည်ပင်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဘိုကလေး စက်တင်ဘာ ၄

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ဖျာပုံမြို့နယ် (ခရိုင်) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးသည် သြဂုတ် ၂၃ ရက်က ရောက်ရှိပြီး ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖော်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို အချိန်အလိုက် သတ်မှတ်ကာလအမီ စီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

